# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဥ္စမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
## (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၅။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ တွင် အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့ လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါ တယ်။ ခွင့်ပန်ကြားထားသူများမှာ-

(၁) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၅) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၇) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၈) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၁၀) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၁၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၁၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၃) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၁ ရက်၊

(၁၄) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၆) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၁၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၁၈) အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် ခွင့် ၁ ရက်၊

(၁၉) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၀) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်၊

(၂၁) ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း ခွင့် ၁ ရက်၊

(၂၂) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၃) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၂၄) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်၊

(၂၅) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လက်ပံတန်းမြို့နယ်၊ မကျီးကွင်းကျေးရွာ စားကျက်မြေပေါ်တွင် ကျွဲ၊ နွားများ လွှတ်ကျောင်းနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်အတွင်းမှာရှိတဲ့ မကျီးကွင်းကျေးရွာ စားကျက်ကို မကျီးကွင်းကျေးရွာအုပ်ချုပ်ရေးမှူးရယ်၊ နောက် ဝွေးတောက်ကွင်းကျေးရွာအုပ်ချုပ်ရေးမှူးရယ်၊ နောက်

စားကျက်ကျူးကျော်သူ တောင်သူအချို့နဲ့ ခရိုင်အုပ်ချုပ်ရေးမှူးတို့ ညှိနှိုင်းပြီးတော့မှ ဒေသဖွံ့ဖြိုးရေးအတွက်ဆိုပြီး ကုမ္ပဏီတစ်ခုကို ၎င်းစားကျက်မြေနှင့် ဆက်နွယ်နေတဲ့ ကျေးရွာခြောက်ရွာမှ တောင်သူများမသိရှိဘဲနဲ့ ရောင်းချခဲ့ခြင်းကို သဘောမတူကြောင်း ကျွန်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းထံ တင်ပြလာတဲ့အတွက်ကြောင့် ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တင်ပြစာမှာပါတဲ့ အချက်တွေကတော့ ၎င်းမကျီးကွင်းကျေးရွာစားကျက်ဟာ လက်ပံတန်းမြို့နယ်မကျီးကွင်းကျေးရွာ အုပ်စု ကွင်းအမှတ်(၁၁၅၉)၊ ဦးပိုင်အမှတ် (၅၅ N Do. no ၁၉၅၄-၁၉၅၅) အရခွင့်ပြုပေးထားတဲ့ စားကျက်မြေဖြစ်ကြောင်း၊ ဧကကတော့ ၁၆၃.၆၂ ဧကရှိကြောင်း၊ ရန်ကုန်-ပြည်လမ်းမကြီးရဲ့ တောင်ဘက်မှာကပ်လျက်ရှိကြောင်း၊ ကျေးရွာခြောက်ရွာမှ ကျွဲ၊ နွားများ လွှတ်ကျောင်းရန်စားကျက်မြေဖြစ်ကြောင်း ၁၉၇၂ ခုနှစ်မှာ ဒေါ်စောညွန့်ပါ တောင်သူ ၁၆ ဦးက ခေါးမဦးချ လယ်ယာမြေကျူးကျော်စိုက်ပျိုးခဲ့ရာကနေပြီးတော့ ၁၉၈၄ ခုနှစ်အထိ စိုက်ပျိုးခဲ့ကြကြောင်း ၎င်းစားကျက်မြေနှင့်ပတ်သက်ပြီး မကျီးကွင်းကျေးရွာမှ နွားမွေးမြူသူ တောင်သူ ဦးအောင်ဖေပါ တောင်သူ ၄၉ ဦးကနွားစာမလုံလောက်တဲ့အတွက်ကြောင့်မို့လို့ စားကျက်မြေပြန်လည်ဖော်ထုတ်ပေးပါရန် မြို့နယ်ပြည်သူ့ကောင်စီကို တင်ပြတဲ့အတွက်ကြောင့် ၎င်းစားကျက်မြေနှင့်ပတ်သက်ပြီး ၁၇-၆-၁၉၈၄ ရက်နေ့မှာစားကျက်မြေအဖြစ် ပြန်လည်ဖော်ထုတ်ပေးခဲ့ကြောင်း၊ ၁၉၈၄ မှ ၁၉၉၀ အထိ စားကျက်မြေအားတည်ရှိခဲ့ကြောင်း၊ ၁၉၉၀ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်ကဌာနဆိုင်ရာခြောက်ခုနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့နှစ်ခု၊ လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုတို့ကိုလုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီး ၎င်းအဖွဲ့များက သီးစားခယူပြီး လုပ်ကိုင်စေခဲ့ရာမှ ၁၂-၈-၂၀၁၄ ရက်နေ့မှာ ကုမ္ပဏီတစ်ခုကို ယခုလိုရောင်းချတာကို သဘောမတူတဲ့တောင်သူ ၄၄၉ ဦးကနေပြီးတော့လက်မှတ်ရေးထိုးပြီး စားကျက်မြေမပယ်ဖျက်ရေးကို ကျွန်တော်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွန်းထံ တင်ပြလာတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ၎င်းစားကျက်မြေနဲ့စပ်လျဉ်းပြီးတော့မှ စားကျက်မြေအဖြစ် ပယ်ဖျက်မည်ကို စိုးရိမ်နေတဲ့တောင်သူ ၄၄၉ ဦးရဲ့ တင်ပြစာနှင့်ပတ်သက်လို့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့မည်ကဲ့ သို့ ဒီစားကျက်မြေကို စီမံထားတယ်ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် တောင်သူ ၄၄၉ ဦးရဲ့ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်မှာ မူလစားကျက်မြေဧရိယာ ၄၆၈၀.၃၃ ဧကရှိတဲ့အနက် ၁၁၅၄.၃၃ ဧကအား ပယ်ဖျက်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ၃၅၂၆ ဧက ကျန်ရှိပါတယ်။ ကျန်ရှိတဲ့စားကျက်မြေများအနက်မှ မကျီးကွင်းကျေးရွာအုပ်စု ဂရန်စံပြကျေးရွာနှင့် ဝွေးတောက်ကွင်းကျေးရွာကြားမှာ မြေ ၁၆၃.၆၂ ဧကကို ၁၉၅၄-၁၉၅၅ ခုနှစ်မှာ မကျီးကွင်းစားကျက်မြေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရဲ့ လက်ပံတန်းမြို့နယ် ခရီးစဉ်မှာ ဒေသဝမ်းစာ စပါးဖူလုံရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးမြေများအဖြစ် တိုးချဲ့ရန် ညွှန်ကြားချက်အရ မကျီးကွင်းစားကျက်မြေ ၁၆၃.၆၂ ဧကထဲမှ ဧရိယာ ၁၁၁.၂၀ ဧကကို ဌာနဆိုင်ရာအဖွဲ့အစည်း ၁၁ ခုသို့ ခွဲဝေ၍ တာဝန်ပေးစိုက်ပျိုးစေခဲ့ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများဟာ စားကျက်မြေနဲ့ နီးစပ်တဲ့ ဂရန်စံပြကျေးရွာမှ တောင်သူခုနစ်ဦး၊ ဝွေးတောက်ကွင်းကျေးရွာမှ ငါးဦး စုစုပေါင်း ဒေသခံတောင်သူ ၁၂ ဦးနဲ့ ၂၀၁၀ ခုနှစ်အထိ အကျိုးတူပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရပါတယ်။ ၂၀၁၁ ခုနှစ်မှစ၍ ဌာနဆိုင်ရာအဖွဲ့အစည်း ၁၁ ခုအား မကျီးကွင်းစားကျက်မြေ ၁၁၁.၂၀ ဧကကို တောင်သူ ၁၂ နဲ့ အကျိုးတူဆောင်ရွက်ခြင်းမပြုတော့ဘဲ ၎င်းတောင်သူများကိုသာ ဆက်လက်လုပ်ကိုင်စေခဲ့ကြောင်း သိရှိရပါတယ်။ မြေပုံမြေစာရင်းမှာ စားကျက်မြေလို့ အမည်ပေါက်သော်လည်းပဲ လက်ရှိမြေပြင်မှာ တောင်သူ ၁၂ ဦးကနေ စာကျက်မြေ ၁၁၁.၂၀ ဧကကို စိုက်ပျိုးမြေအဖြစ် အသုံးပြုခဲ့တာဟာ ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ ၂၅ နှစ်ခန့် ကြာမြင့်နေပြီဖြစ်တဲ့အတွက် လယ်ယာမြေအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ နီးစပ်ရာကျေးရွာများမှ စားကျက်မြေအတွင်း တိုးချဲ့နေထိုင်လာခြင်းကြောင့် ယခင်သတ်မှတ်ထားတဲ့စားကျက်မြေ ၁၆၃.၆၂ ဧကကို ပြန်လည်စိစစ်တဲ့နေရာမှာ အောက်ပါအတိုင်း အသုံးပြုထားကြောင်း တွေ့ရှိရပါတယ်။ မိုးစပါးစိုက်ပျိုးတဲ့ဧရိယာ ၁၁၁.၂၀ ဧက၊ အိမ်၊ ခြံ၊ ရွာမြေကျူးဧရိယာ ၉.၅၁ ဧက၊ ငါးကန်ကျူးဧရိယာ ၁၇.၅၁ ဧက၊ ရေမြောင်းဧရိယာ ၆.၅၄ ဧက၊ လမ်းဧရိယာ

၄.၀၅ ဧက၊ ဆည်မြောင်းလက်တံဧရိယာ ၅.၂၄ ဧက၊ ရေအိုင်ဧရိယာ ၁.၈၆ ဧကနဲ့ လှပ်မြေဧရိယာ ၇.၇၁ ဧကဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ ပထမအပတ်မှာ စားကျက်မြေနဲ့နီးစပ်တဲ့ မကျီးကွင်းရွာနဲ့ဝွေးတောက်ကွင်းရွာတို့မှ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူလူထုမှ ၎င်းတို့ကျေးရွာများ မီးလင်းရေးအတွက် ရန်ကုန်-ပြည်ကားလမ်းမဘေးရှိ မဟာဓာတ်အားလိုင်းမှ မီးသွယ်ယူမယ်ဆိုလို့ရှိရင် နိုင်ငံတော်ကနေ တစ်ဝက်ကျခံပြီးတော့ မီးသွယ်လိုတဲ့ကျေးရွာများမှ တစ်ဝက်ကျခံရမှာဖြစ်ကြောင်း သိရတဲ့အတွက် ကုန်ကျငွေရရှိရေးအတွက် စားကျက်မြေ ၁၁၁.၂၀ ဧကပေါ်မှာ လုပ်ကိုင်နေတဲ့ တောင်သူ ၁၂ ဦးနဲ့ ဝိုင်းဝန်းတိုင်ပင်ညှိနှိုင်းခဲ့ကြောင်းနဲ့ မြေဝယ်ယူမည့်လုပ်ငန်းရှင် ဦးခိုင်ဇော်နဲ့ ဆက်သွယ်ပြီးတော့ ၎င်းတို့စိုက်ပျိုးလုပ်ကိုင်နေသော မြေ ၁၁၁.၂ ဧကထဲမှ ဧက ၈၀ ကို တစ်ဧကလျှင် ၁၂ သိန်းဖြင့် ရောင်းချရန်ညှိနှိုင်းခဲ့ကြောင်း သိရှိရပါတယ်။ လုပ်ငန်းရှင်မှလည်း တောင်သူနှင့်ရွာသားများရောင်းချမည့် မြေရာဇဝင်ကို စုံစမ်းတဲ့နေရာမှာ ယခင်က ဌာနဆိုင်ရာအဖွဲ့အစည်း ၁၂ ခုနှင့် တောင်သူ ၁၂ ဦး အကျိုးတူဆောင်ရွက်ခဲ့သောမြေဖြစ်၍ တောင်သူများနှင့် လုပ်ငန်းရှင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးသို့ အကျိုးအကြောင်းတင်ပြပြီးတော့ ဖြေရှင်းပေးရန် အကူအညီတောင်းခံခဲ့ကြောင်း သိရှိရပါတယ်။

ခရိုင်အုပ်ချုပ်ရေးမှူးမှ လုပ်ငန်းရှင်၊ တောင်သူ ၁၂ ဦးနှင့် မီးသွယ်လိုတဲ့ ကျေးရွာပြည်သူလူထုအား စားကျက်မြေဖြစ်နေကြောင်း ပြောသော်လည်း ကျေးရွာလူထုနဲ့ တောင်သူများမှ ကျေးရွာမီးလင်းရေးကိုအလိုရှိပြီး မီးသွယ်တန်းရာမှာ ကုန်ကျမယ့် ငွေရရှိရေးအတွက် တောင်သူများလုပ်ကိုင်နေတဲ့ မြေဧကထဲကနေ ၈၀ ဧကကို မဖြစ်မနေရောင်းချလိုကြောင်း ကျေးရွာလူထုနဲ့ တောင်သူများ ကျေးရွာမီးလင်းရေးကော်မတီအတွက် တောင်းဆိုချက်အရ ကျေးရွာမီးလင်းရေးကို ရှေးရှုပြီးတော့ သက်ဆိုင်တဲ့ ဌာနတွေကို ငွေလုံးဝမယူစေဘဲ ကျေးရွာမီးလင်းရေးကော်မတီသို့ တစ်ဧကလျှင် ခြောက်သိန်းနဲ့ နစ်နာကြေးအဖြစ် တောင်သူတွေကို တစ်ဧက ခြောက်သိန်းပေးချေရန် ရောင်းချခဲ့တဲ့မြေဧက ၈၀ ကို စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းလက်မှတ်ရေးထိုးပေးရန် သဘောတူညီချက်အရ ၂၁-၈-၂၀၁၄ ရက်နေ့မှာ တောင်သူ ၁၂ ဦးကို ငွေအကျေ ပေးချေပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို စီမံခန့်ခွဲမှုကော်မတီ၊ အထောက်အကူပြုကော်မတီများနှင့် ပူးပေါင်းညှိနှိုင်းပြီး လုပ်ငန်းများအောင်မြင်ရန် ဆောင်ရွက်ရတဲ့အပြင် ပြည်ထဲရေးဝန်ကြီးဌာန နဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို မဖြစ်မနေလုပ်ဆောင်ရတဲ့တာဝန်လည်းရှိပါတယ်။ နိုင်ငံတော်

မှ ကျေးရွာများမှာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနေချိန်မှာ ဒေသခံကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းတောင်းဆိုချက်အရ လျှပ်စစ်မီးရရှိလိုသော ကျေးရွာနေပြည်သူများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရန်အတွက်လည်းကောင်း၊ လုပ်ငန်းရှင် ဦးခိုင်ဇော်ကလည်း မိမိလုပ်ငန်းနှင့်ဆက်နွယ်ပြီးတော့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်ရန် ခေတ်မီဆန်စက်တည်ဆောက်ခြင်း၊ မျိုးကောင်းမျိုးသန့်စပါးထုတ်လုပ်ခြင်း၊ ၅ မဂ္ဂါဝပ်ရှိ ဓာတ်အားခွဲရုံတည်ဆောက်ပြီး စားကျက်မြေတည်ရှိရာ မကျီးကွင်းကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာ၊ ဝွေတောက်ကွင်းကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာအပြင် သိုက်ခေးချောင်းကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာ၊ ဆင်တလင်းကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာ၊ ရေငံကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာ စုစုပေါင်း ၂၇ ရွာကို လျှပ်စစ်မီးဆောင်ရွက်ပေးမှာဖြစ်လို့ အခွင့်အခါကောင်းကို လက်လွှတ်မဆုံးရှုံးစေလို၍ တောင်သူ၊ ကျေးရွာလူထု၊ လုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာများအကြားမှာ မြေကိစ္စကို ပြေလည်စေရေး ညှိနှိုင်းဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ဒီ ၂၀၁၁ ခုနှစ် စက်တင်ဘာလထဲမှာ ယခုအခင်းဖြစ် စားကျက်မြေနှင့်ပတ်သက်လို့ ၂၅ နှစ်အကြာ စိုက်ပျိုးနေမှုအပေါ် တိုင်းဒေသကြီးမြေစာရင်းစီးဌာနက ကွင်းဆင်းစိစစ်ချက်အရ စားကျက်မြေအဖြစ် ပြန်လည်အသုံးမပြုသင့်ကြောင်း တင်ပြခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၁၉-၉-၂၀၁၁ ရက်စွဲပါစာနဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်တင်ပြရန် အကြောင်းကြားထားကြောင်း သိရှိရပါတယ်။ ယခုအခါ ၎င်းစားကျက်မြေ ၁၁၁.၂ ဧကပေါ်မှာ လုပ်ကိုင်နေတဲ့တောင်သူများမှ ၁၀-၁၀-၂၀၁၄ ရက်စွဲပါစာနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျေးရွာနေပြည်သူများ လျှပ်စစ်မီးရရှိရေးနဲ့ စားကျက်မြေပယ်ဖျက်ပေးရေး၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးမှ ကူညီဆောင်ရွက်ပေးနေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခွင့် ပြုနိုင်ရေးတင်ပြခဲ့ကြောင်း သိရှိရပါတယ်။ နောက်ဆုံးအခြေအနေအရ စားကျက်မြေနဲ့နီးစပ်တဲ့ ဝွေးတောက်ကွင်းကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာမှ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအပါအဝင် အိမ်ထောင်စု ၉၀ ရာခိုင်နှုန်းကျော်နဲ့ မကျီးကွင်းကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာခြောက်ရွာက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအပါအဝင် အိမ်ထောင်စု ၈၀ ရာခိုင်နှုန်းကျော် တို့က ကျေးရွာမီးလင်းရေးနဲ့ စားကျက်မြေပယ်ဖျက်ရေးတို့ကို သဘောတူထောက်ခံ လက်မှတ်ရေးထိုးထားကြပြီး စားကျက်မြေပယ်ဖျက်ရေးအမှုတွဲကိုလည်း တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ စားကျက်မြေတွေကို ကုမ္ပဏီသို့ ရောင်းချခြင်း မဟုတ်ဘဲ စားကျက်မြေနဲ့ နီးစပ်ရာကျေးရွာများမှ ၎င်းတို့ရဲ့မီးလင်းရေးအတွက် ကျေးရွာနေပြည်သူ လူထုကိုယ်စား တောင်းဆိုချက်အရ ညှိနှိုင်းဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ ထို့အပြင် မူလစားကျက် မြေ ၁၆၃.၂ ဧကမှာ တောင်သူများ ရောင်းချခဲ့တဲ့မြေ ၈၀ ဧကနဲ့ ကျူးကျော်မြေတွေ ၄၄.၇၁ ဧက စုစုပေါင်း ၁၂၄.၇၁ ဧကကို နုတ်ပယ်လိုက်မယ်ဆိုရင် လက်ကျန်စားကျက်မြေ ၃၈.၉၁ ဧက ကျန်ရှိမည် ဖြစ်ပါတယ်။ စားကျက်မြေနဲ့ အနီးဆုံးဖြစ်တဲ့ ဂရန်စံပြကျေးရွာမှာ ကျွဲ၊ နွား ၈၅ ကောင်၊ ဝွေးတောက် ကွင်းကျေးရွာမှာ ကျွဲ၊ နွား ၇၂ ကောင် မွေးမြူထားတဲ့အတွက် လက်ကျန်စားကျက်မြေဧရိယာနဲ့ လုံလောက်မှုရှိပြီး အစာရေစာအတွက် အခက်အခဲမရှိ ထိန်းကျောင်းမွေးမြူနိုင်ပါကြောင်း ဖြေကြားအပ် ပါတယ်။

**ရှားတောမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာ ရပ်ဝေးဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်နန်းနွံ၊ ရှားတောမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ ခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကယားပြည်နယ် ရှားတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ ဖြစ်ပါတယ်။ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများ နေထိုင်ရေးအခက်အခဲများ အဆင်ပြေ စေရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့ဝန်ထမ်းများဟာ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများရဲ့ အရေးအရာများကို ကျရာကဏ္ဍတွင် တာဝန်ထမ်းဆောင်လျက်ရှိကြ ပါတယ်။ ရှားတောမြို့နယ်မှာ လက်ရှိအခြေအနေမှာ အစိုးရဌာနပေါင်း ၂၅ ခုရှိပြီး ဝန်ထမ်း ၃၀၀ ကျော်ခန့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အဆိုပါဝန်ထမ်းများအနက် ဒေသခံဝန်ထမ်းအချို့ ရှိသော်လည်း အများစုမှာ ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများဖြစ်ပါတယ်။ ရုံးဌာနအများစုမှာလည်း ဝန်ထမ်းအိမ်ရာများရှိသော ဌာနများမဟုတ်ကြပါ။ ဒေသအခြေအနေအရ ရပ်ကွက်ထဲ ငှားရမ်းနေထိုင်ရန် အိမ်ခန်းများလည်း မရှိတဲ့အတွက် နေရေးထိုင်ရေး အလွန်ခက်ခဲကြ ပါတယ်။ အချို့သောဝန်ထမ်းများမှာ ရှိတဲ့အခန်းကို မျှဝေပြီးတော့ ဖြစ်သလိုစုပေါင်းနေထိုင်ကြရ

ပါတယ်။ ဝန်ထမ်းအိမ်ရာရှိတဲ့ ရဲတပ်ဖွဲ့စခန်းမှာဆိုရင်လည်း နေအိမ်လိုင်းခန်းတွေဟာ နှစ်ပေါင်းကြာ ရှည်ပြီးဖြစ်တဲ့အတွက် နေ၍မရလောက်အောင် ယိုယွင်းပျက်စီးလျက်ရှိပါတယ်။ အသစ်ပြန်လည် ဆောက်လုပ်နိုင်ရေးအတွက်ကိုလည်း တာဝန်ရှိသူများမှ သက်ဆိုင်ရာအထက်ဌာနသို့ တင်ပြထားပြီး ဖြစ်ကြောင်း သိရှိရသော်လည်း ယနေ့အထိ ပြင်ဆင်ဆောက်လုပ်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါ တယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်သော ဌာနပေါင်းစုံမှ ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေပြီး စိတ်လက်အေးချမ်းစွာ တာဝန်များကို ကောင်းမွန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စုပေါင်းဝန်ထမ်းအိမ်ရာကိုဖြစ်စေ၊ သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းနေ အိမ်လိုင်းခန်းများကိုဖြစ်စေ ဆောက်လုပ်ပေးရန် ပြည်သူများကိုယ်စား တင်ပြလိုပါတယ်။ သို့ပါ၍ ရှားတောမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ရပ်ဝေးဌာနဆိုင်ရာဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီး များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ၏မေးခွန်းနှင့်ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့ရဲ့ ကိုယ်စားလေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါ တယ်ခင်ဗျာ။ ကယားပြည်နယ်အနေနဲ့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ နေထိုင် ရေးအဆင်ပြေစေရန်အတွက် ဝန်ထမ်းအိမ်ရာများ တည်ဆောက်၍ ငှားရမ်းခွင့်ပြုပေးလျက်ရှိပါတယ်။ ယခုလက်ရှိကာလအထိ ကယားပြည်နယ်အတွင်း လွိုင်ကော်မြို့နှင့် ဒီမောဆိုမြို့တို့တွင် စုစုပေါင်း တိုက် ၁၉ လုံးနှင့် အခန်းပေါင်း ၁၃၄ ခန်းအား ငှားရမ်းခွင့်ပြုခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

အတွင်း ဝန်ထမ်းများနေရေးလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်အတွက် လွိုင်ကော်မြို့နယ်တွင် လေးခန်းတွဲသုံးထပ် ၁၂ ယူနစ်ပါ တိုက်နှစ်လုံး တည်ဆောက်လျက်ရှိပါတယ်။

ရှားတောမြို့နယ်အတွင်း ဌာနဆိုင်ရာ ၂၅ ဌာနရှိ၍ ဝန်ထမ်းအင်အားမှာ ၂၉၈ ဦးဖြစ်ပါတယ်။ ဌာနပေါင်းစုံမှ ဝန်ထမ်း ၂၉၈ ဦးအနက် ဒေသခံဝန်ထမ်း ၁၇၉ ဦးရှိပြီး ရပ်ဝေးဝန်ထမ်းမှာ ၁၁၉ ဦးရှိပါတယ်။ ၎င်းတို့အတွက် ဌာနအလိုက်ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၃၃ လုံးသာရှိသဖြင့် ရပ်ဝေးဝန်ထမ်း ၈၆ ဦးအတွက် ဝန်ထမ်းအိမ်ရာ လိုအပ်လျက်ရှိပါတယ်။ ရှားတောမြို့နယ်တွင် မြေလွတ်မြေရိုင်းမရှိပါ၍ မြို့မြေအနာဂတ်မြေ အသုံးချမှုစီမံချက်အရ ရှားတောမြို့တောင်ဘက်၌ ဌာနဆိုင်ရာများအတွက် မြို့မြေတိုးချဲ့ရန် ၄၇.၀၄ ဧက လျာထားလျက်ရှိပြီး မြို့မြေတိုးချဲ့ရန် အမိန့်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရှားတောမြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ယခုလောလောဆယ်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းပြား-မြေပုံ မြို့ချင်းဆက်လမ်းအား ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန်နှင့် မြေပုံမြို့အား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မည်သို့သော စီမံချက်များ ရေးဆွဲထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြေပုံမြို့နယ်ဟာ တစ်ရွာတစ်ကျွန်းဆိုသလို တည်ဆောက်ထားတာဖြစ်လို့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါတယ်။ မြေပုံမြို့သည်ပင်လျှင် ကြပ်စင်ကျွန်းပေါ်မှာရှိတဲ့အတွက် ဘယ်မြို့နဲ့မှ ကားလမ်းအဆက်အသွယ်မရှိပါဘူး။ ဒါကြောင့် ဒီမင်းပြား-မြေပုံကားလမ်း ၂၄ မိုင် ၇ ဖာလုံရှိတဲ့ ကားလမ်းဟာ ရာသီမရွေးသွားလာနိုင်တဲ့ ကားလမ်းဖြစ်မယ်ဆိုရင် ရန်ကုန်-စစ်တွေကားလမ်းမကြီးနဲ့လည်း ဆက်သွယ်ချိတ်ဆက်မိမှာဖြစ်လို့ ကျွန်တော်တို့မြို့အတွက် တော်တော့်ကိုမျှော်လင့်နေကြတဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ ဒီမင်းပြား-မြေပုံလမ်းဟာ ကျွန်တော်တို့ငယ်ငယ်တုန်းက ပါတီ/ကောင်စီခေတ်ကတည်းက လမ်းကြမ်းအဖြစ် လုပ်အားပေးတွေနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီအစိုးရသစ်လက်ထက်မှာ ၂၀၁၁-၂၀၁၂ ကနေပြီးတော့ ကျောက်ချောလမ်းအဖြစ် တည်ဆောက်လာပါတယ်။ အခုဆိုရင် ကြပ်စင်မြစ်ကူးတံတား

ကိုလည်း တည်ဆောက်နေပါပြီ။ ဒါပေမယ့် ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေနဲ့တည်ဆောက်တာမို့လို့ အနည်းဆုံး သုံးနှစ်လောက်တော့ ကြာမယ်ထင်ပါတယ်။ ဒါကြောင့် ဒီလမ်းဟာ နဂိုကလည်းလမ်းကြမ်း ရှိတယ်။ ပြီးတော့ အခုအစိုးရသက်တမ်းပြည့်တော့မယ်။ ဒီလမ်းဟာ အခုထက်ထိ ရာသီမရွေး သွားလာနိုင်တဲ့လမ်းအဖြစ်သို့ မရောက်ရှိပါဘူး။ ကျွန်တော့်အနေနဲ့လည်း အကြိမ်ကြိမ်တင်ပြပါတယ်။ လွှတ်တော်မှာလည်း နှစ်ကြိမ်ရှိပါပြီ။ လူထုတွေကလည်း အားကိုးတကြီးတင်ပြလာတာကို ပြန်ဖြေရှင်း ရတာ ကျွန်တော်လည်း မျက်နှာပူလှပါပြီ။ ဒီတော့ အခုလွှတ်တော်အစည်းအဝေးလာမယ်လုပ်တော့ လည်း ကျွန်တော်က ၁၇ ရက်နေ့မှာ စစ်တွေ လေယာဉ်လက်မှတ်ဖြတ်ထားတယ်။ ၁၆ ရက်နေ့မှာ သွားမလို့ ကားကပျက်နေတယ်။ လမ်းပျက်နေလို့ ကားကသွားလို့မရဘူးလို့ပြောတယ်။ ဒါနဲ့ ညတွင်း ချင်းပဲ ကျွန်တော် မင်းပြားကို စက်လှေငှားပြီးတော့ လာရတာ။ အဲဒီကနေတစ်ဆင့် စစ်တွေကို ကျွန်တော်တို့ ရှပ်ပြေးယာဉ်နဲ့သွားရပါတယ်။ ဒီလိုပဲကျွန်တော်တို့ မြေပုံမြို့ကသွားမယ့် ခရီးသည် တွေက မနက် ၃ နာရီကတည်းက ထပြီးတော့ အဲဒီမင်းပြားတစ်ဖက်ကမ်းမှာရှိတဲ့ ကြပ်စင်မြစ်ထိပ်ကို သွားပြီးတော့ စောင့်ရပါတယ်။ ကားနဲ့သွားရပါတယ်။ ဒီတော့ ၂၀ မိုင်လောက်ရှိတဲ့ခရီးကို ကျွန်တော် တို့က သုံးနာရီလောက်မောင်းရတယ်ဆိုကတည်းက ဒီလမ်းဟာ ဘယ်လောက်ထိ ကောင်းတယ် ဆိုတာကို အကုန်လုံးသိကြမှာဖြစ်ပါတယ်။ ခရီးသည်တွေက အဲဒီမှာ ပါတဲ့ခရီးသည်တွေလည်းပဲ ဒီလမ်းရဲ့ အစွမ်းပြမှုကြောင့် အန်သူအန်၊ လန်သူလန်၊ ပြန်သူပြန် ဆိုသလို ကျွန်တော်တို့ တော်တော့်ကို ဒုက္ခရောက်ကြရတဲ့ လမ်းလည်းဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်တော်တို့က အားမကိုးဘဲ ရေလမ်းနဲ့ သွားပြန်မယ်ဆိုတော့လည်း ဒီအစိုးရသင်္ဘောတွေက တစ်ပတ်မှ နှစ်ကြိမ်ရှိတယ်။ သွားနှုန်းကလည်း နှေးလှည်းသာသာပဲရှိတယ်။ အဲဒီတော့ ဘယ်လိုမှကျွန်တော်တို့မြို့နယ်ဟာ အဆင်မပြေပါဘူး။ ဆက်သွယ်ရေး ခက်ခဲတဲ့အတွက် စီးပွားရေး၊ လူမှုရေး အဖက်ဖက်မှာ ကျဆင်းလာပါတယ်။ လမ်းမပေါက်တော့ လူကြီးတွေကလည်းမရောက်၊ လူကြီးတွေမရောက်တော့ ဘောက်ဆူးလဲမရ။ တော်တော့်ကို အခွင့်အရေးအားနည်းပါတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ဒီလမ်းလေးသာ ကောင်းလာ မယ်ဆိုရင်ဖြင့် ကျွန်တော် တို့မြို့နယ်အတွက် တော်တော့်ကို အားကိုးတကြီးမျှော်လင့်နေကြတဲ့ ပြည်သူတွေအတွက် စိတ်သက်သာ စရာလည်းဖြစ်ပါတယ်။ အဆင်ပြေစရာလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ ဒီလမ်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းလေးတစ်ခုကို မေးချင်ပါတယ်။ ရခိုင်ပြည်နယ် မင်းပြား-မြေပုံ မြို့ချင်းဆက်လမ်းအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်မြို့နဲ့မှ

အဆက်အသွယ်မရှိသော မြေပုံမြို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါစေရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄ မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မင်းပြား-မြေပုံ မြို့နယ်ချင်းဆက်လမ်းဟာ ရာသီမရွေးသွားလာနိုင်ရန်အတွက် ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ မြေပုံမြို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် မည်ကဲ့သို့စီမံချက်များ ရေးဆွဲထားရှိသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းပြီးတော့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မင်းပြားမြို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ မြေပုံ-မင်းပြားလမ်းဟာ ၃၁-၃-၂၀၁၄ အထိကို လမ်းအခြေအနေဟာ ကတ္တရာလမ်း ၀ မိုင် နဲ့ ၃.၅ ဖာလုံ၊ ကျောက်ချောလမ်းဟာ ၂၂ မိုင် ၁.၅ ဖာလုံ၊ မြေလမ်းဟာ ၂ မိုင်နဲ့ ၂ ဖာလုံ စုစုပေါင်း ၂၄ မိုင်နဲ့ ၇ ဖာလုံ တည်ရှိပါတယ်။ မြေပုံ-မင်းပြားလမ်းကို ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရရဲ့ရန်ပုံငွေ ကျပ် ၂၀၀၀.၉၀၀ သန်းနဲ့ ကတ္တရာလမ်းရေပိတ်လွှာလောင်းခြင်း ၃ ဖာလုံနဲ့ ၃၃၀ ပေ၊ ကျောက်ချောလမ်းခင်းခြင်း ၉ မိုင်၊ မြေသားတမံတင်ချဲ့ခြင်း ၂၃၀၆၂ ကျင်းနှင့် သစ်သားတံတားများကို သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း ၁၅ စင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း ၆ မိုင်၊ ကျောက်ချောလမ်းခင်းခြင်း ၆ မိုင် ၃ ဖာလုံ၊ မြေသားတာဘောင်တင်ချဲ့ခြင်း ၇ မိုင်နဲ့ သံကူကွန်ကရစ်တံတားများတည်ဆောက်ခြင်း ၂၅ စင်းတို့ကို ဆောင်ရွက်နိုင်ရန် ခန့်မှန်းကုန်ကျငွေ ၆၆၉၆.၂၉၅ သန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ လျာထားထားရှိပြီးတော့ ရန်ပုံငွေရရှိပါက မြေပုံ-မင်းပြားလမ်းသည် ကတ္တရာလမ်း ၆ မိုင် ၃.၅ ဖာလုံနဲ့ ကျောက်ချော လမ်း ၁၆ မိုင် ၁.၅ ဖာလုံ၊ မြေသားလမ်း ၂ မိုင် ၂ ဖာလုံအဖြစ် တည်ရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြေပုံ-မင်းပြားလမ်းကို လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက်ကို ကတ္တရာလမ်းအဆင့် မြှင့်တင်တည်ဆောက်နိုင်ရန် နှစ်စဉ်ရန်ပုံငွေများ လျာထားပြီးတော့ ရန်ပုံငွေအပေါ်မှာမူတည်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သင်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်အေးအေးမူပါ (၇)ဦးတို့ နေထိုင်သောမြေသည် ပြည်သူပိုင်မြေဖြစ်၍ ဖယ်ရှားပေးရန် သက်ဆိုင်ရာမှ သတိပေးစာများပေးပို့လာသည့်အတွက် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သင်္ဃန်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတွေကို အကာအကွယ်ပေးတဲ့ ပုဒ်မ ၃၅၆ က သာမန်ပြည်သူလူထုနယ်ပယ်တော်တော်များများမှာ အိပ်ပျော်နေတဲ့အတွက်ပြန်လည်ပြီးတော့ ပြည်သူလူထုခံစားနိုင်ဖို့ ဦးတည်ပြီးတော့ ဒီမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အေးအေးမူပါ (၇) ဦးတို့သည်လွန်ခဲ့သော နှစ် ၇၀ ကျော်ပြည်သူပိုင်မသိမ်းမီကတည်းကပင် အစဉ်အဆက်ရော်ဘာစက်ရုံဝင်းနှင့်ဆက်စပ်မှုမရှိဘဲ သီးခြားနေထိုင်ခဲ့သူများဖြစ်သည်ကို သိပါသလား။ ရော်ဘာစက်ရုံကို ပြည်သူပိုင်သိမ်းစဉ်ကလည်း စက်ရုံမြေနှင့်၎င်းတို့လူနေအိမ်များ သီးခြားရှိခဲ့ရာ ကြားတွင် စက်ရုံမှကာရံထားသည့်သစ်သားတိုင်နှင့် သံဆူးကြိုးကာ ခြံစည်းရိုးရှိခဲ့သည်ကို သိပါသလား။ ၁၉၈၃ ခုနှစ်တွင် စက်ရုံမှူးဦးကျော်ညွန့်က ပျက်စီးသွားသည့်စက်ရုံခြံစည်းရိုးအား ပြုပြင်ရန် အနီးနေပြည်သူများ၏ သဘောတူညီချက်ဖြင့် အုတ်တံတိုင်းကာရံခဲ့သည်ကို သိပါသလား။ ပြည်သူပိုင်သိမ်းပြီး ၄၆ နှစ်အကြာ ၁၀-၈-၂၀၁၁ ရက်နေ့တွင် စက်ရုံကတစ်ဖက်သတ်ဂရမ်လျှောက်ထားပြီး ယခုအခါတွင် စက်ရုံလည်ပတ်မှုမရှိသော်လည်း ဘိုးဘွားစဉ်ဆက်နေထိုင်ခဲ့သူများကို ကျူးကျော်သူဟုသတ်မှတ်ပြီး ဖယ်ရှားပေးရန်နို့တစ်စာများ မကြာခဏထုတ်ဆင့်ခဲ့သဖြင့် လက်ရှိအိမ်ထောင်စုခုနစ်စု၏ မိသားစုဝင်များစိတ်သောကရောက်ပြီး နစ်နာမှုများ ခံစားနေရသည်ကို သိပါသလား။ အဆိုပါအိမ်ထောင်စုခုနစ်စုသည်

၁၉၄၆-၁၉၄၇၊ ရန်ကုန်ဆင်ခြေဖုန်းကျေးရွာ၊ နံပါတ်(၁၅၆)၊ ဘောက်ထော်ရွာသူကြီးအပိုင် မြေပုံညွှန်း အရ စက်ရုံမြေနှင့်လူနေမြေ သီးခြားဖော်ပြထားသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ ပုဒ်မ ၃၅၆ အရ နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးအောင်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးသိန်းညွန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရော်ဘာပစ္စည်းစက်ရုံခွဲ (သဃ်န်းကျွန်း) ယခင်ပြည်ထောင်စု ရော်ဘာစက်ရုံကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှာ ပြည်သူပိုင်သိမ်းယူခဲ့ပြီး ယခုအချိန်အထိ နိုင်ငံတော်ပိုင်စက်ရုံအဖြစ် တည်ရှိမှုကာလ ၄၆ နှစ်ကြာမြင့်ပြီးဖြစ်ပါတယ်။ ပြည်သူပိုင်သိမ်းဆည်းစဉ် က ပြည်သူပိုင်သိမ်းမြေအတွင်း နေအိမ် ၁၃ လုံး၊ မိသားစု ၂၀ ခန့်နေထိုင်လျက်ရှိပြီး ၁၉၅၄ ခုနှစ်တွင် ပြည်ထောင်စုရော်ဘာစက်ရုံကို ယခင်ပိုင်ရှင်မှ တည်ဆောက်စဉ်ကပင် စက်ရုံပိုင်မြေပေါ်တွင် ၎င်း၏ အလုပ်သမားဝန်ထမ်းများကို နေထိုင်ခွင့်ပြုထားခဲ့ခြင်းဖြစ်ပါတယ်။ ပုဂ္ဂလိကစက်ရုံအဖြစ် တည်ရှိခဲ့စဉ် ကာလက စက်ရုံနှင့်ဝန်ထမ်းအိမ်များ သီးခြားပိုင်းခြားထားသည့်အနေဖြင့် ယာယီခြံစည်းရိုးရှိခဲ့သော် လည်း စက်ရုံမြေပေါ်တွင် တည်ဆောက်ထားသော လုပ်သားနေအိမ်များသာ ဖြစ်ပါတယ်။ စက်ရုံ အတွင်းနေထိုင်သူများမှ ၎င်းတို့ရဲ့ ယာယီစည်ရိုး၊ သံဆူးကြိုးကို ပြန်လည်ပြုပြင်ကာရံမှုများ ပြုလုပ် နေ၍ စက်ရုံဘက်သို့ ဆက်လက်ကျူးကျော်မှုများ မပြုလုပ်နိုင်ရန် စက်ရုံ၏လုံခြုံရေးအတွက် ၁၉၉၅- ၁၉၉၆ ခုနှစ်တွင် အုတ်တံတိုင်းကာရံခဲ့ပါသည်။ အုတ်တံတိုင်းကာရံခဲ့ခြင်းမှာ ဌာနပိုင်စက်ရုံမြေအဖြစ် ပိုင်းခြားသတ်မှတ်ခဲ့ခြင်းမဟုတ်ဘဲ လုံခြုံရေးအရ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။

ရော်ဘာပစ္စည်းစက်ရုံခွဲ(သယ်န်းကျွန်း)ကို ပြည်သူပိုင်သိမ်းဆည်းပြီး နိုင်ငံတော်အစိုးရပိုင် အဖြစ်သာထားရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန အမည်သို့ ပိုင်ဆိုင်မှုအမည်ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ဂရန်အသစ်လျှောက်ထားရယူခဲ့ခြင်းမရှိခဲ့ပါ။ ရော်ဘာပစ္စည်းစက်ခွဲရုံ (သယ်န်းကျွန်း)သည် အရာထမ်း ၉ ဦး၊ အမှုထမ်း ၈၀ ဦး၊ စုစုပေါင်း ၈၉ ဦးဖြင့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နေသည့် စက်ရုံဖြစ်ပါတယ်။ လက်ရှိစက်ရုံမြေအတွင်း ကျူးကျော် ကျန်ရှိနေသည့် မိသားစု ခုနစ်စုအပါအဝင် ပြည်သူပိုင်သိမ်းယူစဉ်ကပါရှိခဲ့သည့် မိသားစု ၂၀ တို့ကို ၁၉၉၉ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြေတိုင်းရပ်ကွက်အမှတ် (၁၄၀) တွင် မိသားစုတစ်စုချင်းအလိုက် ၂၀ ပေ x ၆၀ ပေ မြေကွက်(တစ်) ကွက်စီပေးအပ်ခဲ့သော်လည်း မိသားစု ခုနစ် စုက လက်ခံမှုမပြုခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းမိသားစု ခုနစ် စုကို ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တိုက်ခန်း (၁) ခန်းစီ လက်ခံရယူနိုင်ရေး ထပ်မံညှိနှိုင်းပေးခဲ့သော်လည်း ၎င်းမိသားစု ခုနစ်စုမှ လက်ခံမှုမပြု ခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် အဆိုပါမြေ၏ မြေရာဇဝင်၌ အဆိုပါ အိမ်ထောင်စု(သို့မဟုတ်) အိမ်ထောင်စု၏ ဘိုးဘွားများအမည်ပေါက်ပိုင်ဆိုင်ကြောင်း အထောက်အထားမတွေ့ရှိရပါ။ အဆိုပါမြေသည် ၁၉၄၆-၄၇ ခုနှစ်၊ ရန်ကုန်ဆင်ခြေဖုန်းကျေးရွာ၊ နံပါတ် (၁၅၆)၊ ဘောက်ထော်ရွာသူကြီးအပိုင်မြေပုံညွှန်းအရ စက်ရုံ မြေနှင့်လူနေမြေသီးခြားဖော်ပြထားသည်ဆိုသော်လည်း အဆိုပါ အိမ်ထောင်စု ခုနစ်စုက တရားဝင်ရယူပိုင်ဆိုင်ထားကြောင်း ထောက်ခံမှုပြုထားခြင်းမရှိကြောင်း တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ တရားဥပဒေအရ အကာအကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားသော်လည်း အထက်ပါအိမ်ထောင်စုခုနစ်စုသည် အဆိုပါမြေကို တရားဝင်ရရှိပိုင်ဆိုင်ထားသော မရွှေ့မပြောင်း နိုင်သော ပစ္စည်းဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသောကြောင့် စက်မှုဝန်ကြီးဌာန အနေနဲ့ ကာကွယ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)** ။ ။ အရင်ဆုံး အချက်တစ်ကတော့ စက်မှုဝန်ကြီး ဌာနနှင့်ညှိတိုင်း သက်ဆိုင်ရာအိမ်ထောင်စု ခုနစ်စုက ပုဂ္ဂိုလ်များက အထောက်အထားများတင်ပြတဲ့ အခါမှာ အခုဒါဆိုရင် ၄၆-၄၇ ခုနှစ်ကတည်းက ထွက်တဲ့မြေပုံပါ။ စက်ရုံနဲ့ဘာမှမဆိုင်ပါဘူး။ အဲ့ဒီလိုပဲ တရားရုံးအဆင့်ဆင့်နဲ့ အရက်ဖက်သူတို့ဝယ်ထားတဲ့စာချုပ်တွေ ကျမ်းကျိန်လွှာတွေရယ်၊ စက်မှုဝန်ကြီး ဌာနကို အကြိမ်ကြိမ်တင်ပြခဲ့ပါတယ်။ သို့သော် အဲ့ဒါတွေအရာမထင်ခဲ့ပါဘူး။ အခုဒီပုဂ္ဂိုလ်တွေဟာ မြေ ၂၀၊ ပေ ၂၀ တိုက်ခန်းတစ်ခန်းပေးရုံနဲ့ သူတို့ဖယ်ပေးခြင်းမပြုဘူးဆိုတာ သူတို့မှာဒီထက်မက နစ်နာ ဆုံးရှုံးမယ့် အခြေအနေရှိပါတယ်။ အဲ့ဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေအရ အကာအကွယ်ပေး မယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ပိုင်ဆိုင်မှုဆိုတာ (၁) မှတ်ပုံတင်စာချုပ်ဖော်ပြလို့ရပါတယ်။ (၂) မှတ်ပုံတင်စာချုပ်မရှိသော်လည်းပဲ အရပ်စာချုပ်နှင့် နေထိုင်ပြီးတော့လက်ရှိရယူထားရင်လည်း ဥပဒေ အရ ဒါပိုင်ဆိုင်တယ်လို့ တရားရုံးအဆင့်ဆင့်က အသိအမှတ်ပြုပါတယ်။ အဲ့ဒီအပြင် ကျွန်တော်တို့ ဥပဒေမှာ ပိုင်ရှင်ကို အတိအလင်းဆန့်ကျင်ပြီးတော့ ၁၂ ကျော်နေထိုင်လို့ရှိရင် ဆန့်ကျင်ပိုင်ဆိုင်မှုတွေ ရပါတယ်။ အဲ့ဒီအိမ်ထောင်စု ခုနစ်စုဟာ ၁၉၆၄ ခုနှစ် ပြည်သူပိုင်သိမ်းခဲ့ကတည်းက သူတို့ရဲ့ အခွင့် အရေးတွေကို ထိပါးလာတဲ့အတွက် အဲ့ဒီအချိန်ကတည်းကနေ ဆန့်ကျင်နေထိုင်ခဲ့သူများဖြစ်တဲ့အတွက် သူတို့ရဲ့ဥပဒေအကာအကွယ်ကို စက်မှုဝန်ကြီးဌာနအနေနဲ့ အထောက်အထားတွေကို ပြန်စစ်ဆေး ပြီးတော့ ပြန်လည်သုံးသပ်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ် ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)** ။ ။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော် စောစောကတင်ပြသွားသလိုပါပဲ ကျွန်တော်တို့ရဲ့ စိစစ်ချက်အရ စောစောကလို ပိုင်ဆိုင်မှုအထောက် အထားတွေမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိတာ ဖြစ်ပါ တယ်။ အဲ့ဒီတော့ အခုကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတာက နဂိုတုန်းကပြခဲ့ဖူးတယ်ဆိုပြီး ဆွေးနွေးသွားပါတယ်။ အဲ့ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ဆီမှာ ကျွန်တော်တို့ အထောက်အထား ရှာလို့မရပါဘူး။ ဒီပိုင်ဆိုင်မှု အထောက်အထားတွေကို ကျကျနနပြန်လည်တင်ပြနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ပြန်လည်သုံးသပ်သွားပါမယ်။

**ဥက္ကဋ္ဌ** ။ ။ ယနေ့အတွက်မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**မူကြမ်း**

**ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်း တင်းကြပ်စွာ အရေးယူရန်နှင့် နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေ ဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။**   ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂွမဲဆန္ဒယ်မှ ဦးကြည်သာက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုကို တင်သွင်းဖို့ ဦးကြည်သာအား ဖိတ်ခေါ် ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။**   ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာအနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကား များအား စည်းကမ်းတင်းကြပ်စွာအရေးယူရန်နှင့် နိုင်ငံသားများအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိ စေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုတစ်ရပ်ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီအဆိုကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် နေ့က တင်သွင်းခွင့်ရရန် ကျွန်တော်တင်သွင်းခဲ့ပါတယ်။ ကျွန်တော် ဒီလိုတင်သွင်းခဲ့တာကလည်း ဇူလိုင်လ ၂၃ ရက်နေ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့မှာ နိုင်ငံတော်သမ္မတကြီးက ဒီလိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တွေကို နောက်ဆုံးအကြိမ်အဖြစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ကနေစပြီး ရက်ပေါင်း ၉၀ အတွင်းတွင် ဆောင်ရွက်ပြီးခဲ့တဲ့နေရာမှာ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ပေါင်း ၄၅၀၀၀၀ ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်မှာ အခွန် ၃၀.၈၈ ဘီလီယံလောက် ရရှိခဲ့တဲ့အကြောင်းတင်ပြခဲ့တဲ့ သဝဏ်လွှာကိုရရှိပြီး ကျွန်တော် ဒီအဆိုကို တင်သွင်းခဲ့တာဖြစ်ပါတယ်။ သမ္မတကြီးရဲ့သဝဏ်လွှာပို့ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီကိစ္စ နှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာတင် ကိုယ်စားလှယ်ကြီး ၃၊ ၄၊ ၅ ယောက်က ရှုထောင့်အမျိုးမျိုးက မေးမြန်းဆွေးနွေးသွားကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တရားဥပဒေ လေးစားလိုက်နာပြီး Rule of Law ရှုထောင့်ဘက်ကနေပြီးတော့ ဒီအဆိုကို တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မော်တော်ဆိုင်ကယ်တွေကို ယခုလို တရားမဝင် ရောက်လာတဲ့ မော်တော်ဆိုင်ကယ်တွေ အမြောက်အမြားရှိပါတယ်။ သန်းဂဏန်းရှိပါတယ်။ ဒီလို ခွင့်ပြု ခဲ့တဲ့အတွက်ကြောင့် နိုင်ငံတော်မှာ ယနေ့ ကျေးရွာတွေမှာ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့ လမ်းပန်းဆက်သွယ်ရေးမှာ ဒီမော်တော်ဆိုင်ကယ်ဟာ မရှိမဖြစ်တဲ့ ဆက်သွယ်ရေးပစ္စည်းတစ်ခုဖြစ်နေ ပါတယ်။ အဲဒီတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေမှာ မော်တော်ဆိုင်ကယ်လမ်းဆိုတဲ့ ဝေါဟာရဟာ အခုမှပေါ်လာပါတယ်။ ရွာလူကြီးတွေက သူတို့ရွာကို မော်တော်ကားလမ်းမဖောက် ပေးရင်နေပါစေ။ မော်တော်ဆိုင်ကယ်လမ်းလေးတော့ ဖောက်ပေးပါဆိုတာ နေရာအနှံ့မှာတောင်းခံကြ ပါတယ်။ ဒီနေ့ နာမကျန်းဖြစ်တဲ့လူမမာကို မြို့ကိုပို့တာအစ မီးမဖွားနိုင်တဲ့လူ ပို့တာတောင်မှ မော်တော် ဆိုင်ကယ်တွေနဲ့ပို့နေကြောင်းသိရပါတယ်။ အင်မတန်အရေးပါတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်နေပါတယ်။ အဲဒီတော့ ဒီကိစ္စကို နိုင်ငံတော်က အခု နယ်စပ်ကနေ တရားမဝင်မော်တော်ဆိုင်ကယ်တွေ ဝင်လာ တယ်။ ဂိတ်အမျိုးမျိုးကို ဖြတ်သန်းရမယ်။ ရောင်းချတဲ့ဆိုင်တွေမှာလည်း သက်ဆိုင်ရာကို ပေးရတာ ရှိပါတယ်။ ဒါက သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအစိုးရလုပ်ငန်းရပ်မှာလည်း အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းကို သင့်တော်သတ်မှတ်တဲ့ Custom Duty အထူးလျှော့ကျတဲ့ နှုန်းနဲ့ တရားဝင်နယ်စပ်မှာ ကြေညာခိုင်းပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက တရားဝင်ဒီကိုသယ် လာပြီး ဖြန့်ဖြူးပေးနိုင်လျှင် ဒီနေ့ကျေးလက်က လူတွေဟာ ဒီထက်ဈေးနှုန်းချိုသာသောနည်းနဲ့ မော်တော်ဆိုင်ကယ်တွေသုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော် အကောင်းဘက်ကနေတွေးကြည့် တာဖြစ်ပါတယ်။ ဆိုးကျိုးဘက်ကနေကြည့်မယ်ဆိုရင် ဒီနေ့နောက်ဆုံးအကြိမ်အဖြစ် ဆောင်ရွက်ပေး တယ်ဆိုတဲ့နောက်ပိုင်းမှာ မော်တော်ဆိုင်ကယ်အမြောက်အမြား ဒီကျေးရွာတွေအထိဝင်နေရုံသာမက Without ဆိုတဲ့ လိုင်စင်မဲ့ကားတွေကလည်း နေရာတော်တော်များများကို ရောက်ရှိနေပါတယ်။ ဒါက ဘာကိုပြနေလဲဆိုတော့ ဒီဥပဒေကိုလေးစားလိုက်နာတဲ့ ကျင့်ထုံးနီတိ ကျွန်တော်တို့ဆီမှာ တဖြည်းဖြည်း လျော့ပါးလာသလားဆိုတာ ပြန်လည်ဆန်းစစ်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒါကိုကျွန်တော်ဆွေးနွေး ရမှာဖြစ်ပါတယ်။ ဒီနေ့ မော်တော်ဆိုင်ကယ်လိုင်စင်မဲ့တွေကို ဒီလိုပေးခြင်းဟာ ခပ်ပေါ့ပေါ့စဉ်းစားရင် ဘာမှပြဿနာမရှိပေမယ့် အလေးအနက်ထားပြီးတော့ စဉ်းစားမယ်ဆိုရင် ပြဿနာတွေအများကြီးရှိ နိုင်ပါတယ်။ ဒီနေ့ ဒီအပတ်ထဲမှာ ဆွစ်ဇာလန်နိုင်ငံ Davos မြို့မှာ The World Economic Forum ဆိုပြီးတော့ ဆွေးနွေးနေပါတယ်။ ဒီဆွေးနွေးနေတဲ့အထဲမှာ စိတ်ဝင်စားစရာအကြောင်းက ဒီနေ့ Globalization ဆိုတဲ့ ဒီစနစ်ကြီးထဲမှာ နိုင်ငံတွေဟာ စီးမျောလိုက်ပါနေတယ်။ ဒါပေမယ့် ချမ်းသာတဲ့

နိုင်ငံတွေကပဲ ပိုချမ်းသာတယ်။ ဆင်းရဲတဲ့နိုင်ငံတွေက တဖြည်းဖြည်းဆင်းရဲသွားတယ်ဆိုတဲ့ ပညာရှင်တွေကပြောပါတယ်။ ဥပမာ- ကမ္ဘာ့ရဲ့ချမ်းသာမှုကိုဆိုရင် သူတို့တွက်ပြတာ ၂၆၃ Trillion ရှိပါတယ်။ ကမ္ဘာကြီးရဲ့ Asset Wealth လို့ပြောပါတယ်။ ဒီ၂၆၃ Trillion ရဲ့ ၄၈.၂ ရာခိုင်နှုန်းကို ကမ္ဘာ့လူဦးရေရဲ့ တစ်ရာခိုင်နှုန်းရှိသော ချမ်းသာသောနိုင်ငံမှ လူများကခံစားရပြီး ကျန်ဆင်းရဲသော ကမ္ဘာ့လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကလူထုသည် တစ်ရာခိုင်နှုန်းအောက်ကိုလျော့ပြီးတော့ခံစားရရင် Globalization ရဲ့ ရရှိတဲ့ Benefit ကို ဆင်းရဲတဲ့နိုင်ငံတွေက မရရှိကြဘူး။ ဒါကို ဘာလဲဆန်းစစ်တဲ့အခါ ကျွန်တော်တို့နိုင်ငံလို ဖွံ့ဖြိုးဆဲနောက်ကျ LDC နိုင်ငံဝင်တွေမှာ ဝန်ထမ်းတွေက ဖွဲ့စည်းပုံ Organization အလွန်ညံ့တယ်။ နောက်ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ဥပဒေတွေ ဥပမာ- သူတို့ထောက်ပြတာက နိုင်ငံခြားကို တင်ပို့ရောင်းချတဲ့ Export ဈေးနှုန်းအင်မတန်နည်းပါတယ်။ ဥပမာဆိုရင် ထိုင်းနိုင်ငံက စပါးတစ်တန်ကို ဒေါ်လာ ၅၀၀ ကျော်ရနေတဲ့အချိန်မှာ ကျွန်တော်တို့က ဒေါ်လာ ၃၀၀ လောက်ပဲရတယ်။ ကျွန်တော်တို့က အဲလိုမျိုး နိုင်ငံခြားကို ပို့ကုန်တွေမှာ Price တွေနည်းသလို နိုင်ငံခြားကဝင်တဲ့ Import နဲ့ပတ်သက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အများကြီးလျှော့ပေးပါတယ်။ လျှော့ပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာရရှိတဲ့ အကောက်ခွန်တွေမရဘူးလို့သိရပါတယ်။ အဲ့ဒီတော့ ဆိုလိုတာက ကျွန်တော်တို့နိုင်ငံက လျှော့ပေးရုံမျှမက မော်တော်ဆိုင်ကယ် သိန်းသန်းရှိတဲ့ဥစ္စာတွေဝင်လာတယ်။ ကျွန်တော်တို့နိုင်ငံဟာ အာရှနိုင်ငံအလယ်မှာ ဒီနိုင်ငံဟာ Without ဆိုင်ကယ်၊ Without ကားတွေဝင်ချင်သလိုဝင်လို့ရတဲ့၊ စည်းကမ်းလိုက်နာမှုနည်းပါးတဲ့နိုင်ငံဆိုတဲ့ ပြယုဂ်လေးကို မလျော့ပါးစေလိုပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ ဘာတွေလုပ်မရလဲ။ ကျွန်တော်တို့မှာ အဲ့ဒီကုန်သွယ် ရေးနဲ့ဆိုင်တဲ့ ဥပဒေကိုပြန်ပြီးတော့ လေ့လာစရာတွေရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့နိုင်ငံလို မော်တော်ဆိုင်ကယ်သန်းချီ အကောက်ခွန်မဲ့ဝင်လာတဲ့တိုင်းပြည်မှာ မော်တော်ဆိုင်ကယ်စက်ရုံ ဆောက်မယ်ဆိုတဲ့လုပ်ငန်းဟာ ဘယ်လိုလုပ်ဖြစ်နိုင်တော့မှာလဲ။ အလားတူ မော်တော်ကား Without တွေ ဒီလောက်ဝင်နေရင် သီလဝါဆိပ်ကမ်းမှာ မော်တော်ကားစက်ရုံတည်မယ့်လူတွေက တော်တော်စဉ်းစားရမှာဖြစ်ပါတယ်။ ဒီနေ့ ထိုင်းနိုင်ငံရဲ့ Laem Chabang ဆိပ်ကမ်းဟာ တစ်နှစ်ကို မော်တော်ကားစီးရေ တစ်သန်း နိုင်ငံခြားကို ပို့နေတယ်ပြောပါတယ်။ ဒီနေ့ နယ်စပ်မြို့တွေမှာ သိန်းနှစ်ဆယ်လောက်ဆိုရင် မော်တော်ကားအပျံစားဝယ်စီးလို့ရတယ်။ အဲ့ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့နိုင်ငံမှာ စက်မှုလက်မှုထွန်းကားအောင် မော်တော်ကားစက်ရုံတွေကို ပုဂ္ဂလိကစက်မှုဇုန်တွေ၊ နိုင်ငံခြားပုဂ္ဂလိကတွေ ဘယ်လိုများလာပြီးတော့ ရင်းနှီးမြှုပ်နှံမှာလဲ။ အဲ့ဒီတော့ ကျွန်တော်တို့လိုနိုင်ငံတွေဟာ ဥပဒေလိုက်နာမှု

နည်းပါးတယ်ဆိုတဲ့အတွက်ကြောင့် WTO (World Trade Organization) ကုန်သွယ်ရေးအဖွဲ့ကြီးတွေက ကုန်သွယ်ရေးစည်းမျဉ်းတွေကို မတရားတင်းကြပ်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက IMF ဆိုတဲ့နိုင်ငံတွေက ချေးငွေဆိုတာလည်း အလွန်မျှော်လင့်နေရပါတယ်။ အဲ့ဒါအတွက်ကြောင့် တစ်ယောက်က ဝေဖန်ထားတာ ဒီနေ့ဆင်းရဲတဲ့နိုင်ငံတွေဘက်က ရပ်တည်မယ်ဆိုတဲ့ UN ဆိုတဲ့အဖွဲ့အစည်းက အဲ့ဒီ IMF တို့၊ WTO တို့ရဲ့လွှမ်းမိုးမှုအောက်မှာ တဖြည်းဖြည်းမှိန်သွားပြီ။ ဒါဟာ ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံရဲ့ဥပဒေကို နိုင်ငံသားတွေက ဥပဒေကို လေးစားလိုက်နာမှု နည်းပါးတာကို အခွင့်ကောင်းယူပြီးတော့ ဖိထားတဲ့သဘောမျိုးရှိတယ်လို့ ဝေဖန်ပါတယ်။ အဲ့ဒီတော့ ဒီမော်တော်ဆိုင်ကယ် အကောက်ခွန်မဲ့တင်သွင်းတယ်ဆိုတဲ့ကိစ္စရပ်လေးတစ်ခုကို ကျွန်တော်တို့ ခပ်ပေါ့ပေါ့လေးစဉ်းစားမယ့်အစား အလေးနက်ထားစဉ်းစားနိုင်ရင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့ သိက္ခာသမာဓိအပြင် စက်မှုလက်မှုထွန်းကားရေးဆိုတဲ့အပေါ်မှာ ချဲ့ပြီးဆွေးနွေးရင် ဆွေးနွေးချင်သလို ဆွေးနွေးလို့ရပါတယ်။ ဒီကိစ္စကို နိုင်ငံတော်မှာ တာဝန်ရှိတဲ့အဖွဲ့တွေက အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပေးဖို့ ကျွန်တော် တိုက်တွန်းခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုခေါင်းစဉ်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကြပ်စွာ အရေးယူနိုင်ရန်နှင့် နိုင်ငံသားများအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာပါခင်ဗျာ။ ဂွမဲဆန္ဒနယ်မှ အဆိုရှင် ဦးကြည်သာရဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကြပ်စွာအရေးယူရန်နှင့် နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့်ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကိုရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ထောက်ခံတင်ပြမှာဖြစ်ပါတယ်ခင်ဗျာ။ အဆိုရှင်က ယခုလိုဖော်ပြထားတဲ့အတွက် အဆိုရှင်ရဲ့စေတနာဟာ ပြည်သူတို့ရဲ့သက်သာချောင်ချိရေးနှင့် တရားဥပဒေစိုးမိုးကာ ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေးအတွက်ဆိုပြီးတော့ အပိုင်းနှစ်ပိုင်းပေါ်လွင်နေကြောင်းတွေ့ရှိပါတယ်ခင်ဗျာ။ နိုင်ငံသားများဈေးနှုန်းသက်သာစွာနှင့် စက်တပ်ယာဉ်တွေကို အသုံးပြု

နိုင်အောင် လမ်းဖွင့်ပေးထားမယ်ဆိုလျှင်တောင်မှ ဘယ်လိုဘယ်ပုံလမ်းဖွင့်ပေးထားတာလည်းဆိုတဲ့ အကျိုးအကြောင်းဖြစ်ပေါ်လာကြောင်းလည်း တွေ့ရှိရပါတယ်။ ဒီနေရာမှာ ရှင်းလင်းလွယ်ကူတဲ့ လုပ်ငန်းစဉ် (Process) ရှိနေပြီလား၊ မရှိသေးရင် ဘယ်လိုဆောင်ရွက်မှာလည်းဆိုတဲ့အပိုင်းကိုလည်း အဆိုရှင်က ရည်ညွှန်းထားကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံထက် စက်တပ်ယာဉ်အသုံး ပိုမိုမြင့်မားတဲ့ အိမ်နီးချင်း တရုတ်၊ အိန္ဒိယ၊ ထိုင်းစတဲ့နိုင်ငံတွေမှာ အဲ့ဒီနိုင်ငံများနဲ့ ကျွန်တော်တို့ရဲ့ နယ်စပ်တွေကိုလေ့လာမယ်ဆိုရင် လိုင်စင်နံပါတ်ပြားမတပ်ဘဲသွားလာတာကို မတွေ့နိုင်ပါ။ မိမိနိုင်ငံ ထဲမှာတော့ လိုင်စင်နံပါတ်ပြားမတပ်ဘဲ မောင်းနှင်နေကြတာကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူတို့သူတို့ နိုင်ငံဘက်မှာ ဘယ်လိုစီမံခန့်ခွဲနေသလဲဆိုတာ မှိုငြမ်းအတုယူသင့်ကြောင်းလည်း ဖော်ထုတ်တွေ့ရှိရပါ တယ်။ ထို့အပြင် ကိုယ့်နိုင်ငံသား ဒီလူပုဂ္ဂိုလ်တစ်ဦးတည်းကပဲ ကိုယ့်နိုင်ငံထဲကလမ်းပေါ်မှာတော့ ဖြစ်သလို ဥပဒေမဲ့သွားရဲလာရဲတယ်။ တစ်ဖက်နိုင်ငံထဲကို ဒီပုဂ္ဂိုလ်ရောက်သွားတာနဲ့ ဥပဒေမဲ့ဖြစ်သလို မသွားရဲတော့ဘူးဆိုရင် ကိုယ့်ပြည်သူပြည်သားတွေက တစ်ဖက်နိုင်ငံရဲ့ဥပဒေစိုးမိုးမှုကိုတော့ လေးစား တယ်။ ကိုယ့်မိရင်းဖရင်းနိုင်ငံထဲမှာတော့ မလေးမစားဖြစ်သလိုနေလို့ရနေတယ်ဆိုတဲ့ မဟုတ်တဲ့ ယဉ်ကျေးမှုအစဉ်အလာတစ်ရပ် အကျင့်ဖြစ်ပေါ်လာတာဟာလည်း လေးနက်စွာဆင်ခြင်စဉ်းစားသင့် တယ်လို့ အဆိုမှာပေါ်လွင်လာပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ အများပြည်သူအကျိုးငှာ တရားဥပဒေစိုးမိုးရေး Rule Of Law ကိုရည်ညွှန်းအားပေးတဲ့အဆိုတစ်ရပ်ဖြစ်တဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေး ဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ရခိုင် ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာရဲ့အဆိုနဲ့စပ်လျဉ်းလို့ ကျွန်တော့် အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင် ရေးဝန်ကြီးဌာနတို့ရဲ့ ရှင်းလင်းတင်ပြချက်များကို စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ပို့ဆောင်ဆက်သွယ်ရေးကောင်းမွန်ဖို့

အတွက် အဓိကလိုအပ်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေကို မြို့ပြကျေးလက်ဒေသများပါမကျန် တွင်ကျယ်စွာ အသုံးပြုနေကြပါတယ်။ နိုင်ငံသားများ ပြည်တွင်းမှာ ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေကို သွင်းကုန်လိုင်စင်ရရှိထားတဲ့ ကုမ္ပဏီတွေက ပြည်ပမှတင်သွင်းပြီးတော့ အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော်လည်းပဲ တရားမဝင်လမ်းကြောင်းကနေတစ်ဆင့် ပြည်သူများရဲ့လက်ဝယ်မှာ လိုင်စင်မဲ့မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်များ သုံးစွဲလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက One Stop Service အနေနဲ့ မှတ်ပုံတင်ပြုလုပ်ပေးခြင်းကို ၁၉၉၉ ခုနှစ်မှစ၍ ရှစ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက One Stop Service စနစ်နဲ့ မှတ်ပုံတင်ပြုလုပ်ပေးခြင်းနဲ့စပ်လျဉ်းလို့ နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်သို့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား နောက်ဆုံးအကြိမ်စီမံချက်နဲ့ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မှတ်ပုံတင်ခြင်းမရှိတဲ့ မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း သဝဏ်လွှာပေးပို့ထားပြီး ဖြစ်ပါတယ်။

လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို လက်ဝယ်ထားရှိ စီးနင်းအသုံးပြုပါက ၂၀၁၂ ခုနှစ်၊ ပို့ကုန်သွင်းကုန်ဥပဒေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၂ ခုနှစ်မှာ ၁၇၁၉ မှု၊ လိုင်စင်မဲ့မော်တော်ယာဉ် ၂၈၅ စီး၊ မော်တော်ဆိုင်ကယ် ၁၄၇၉ စီး၊ ထော်လာဂျီ ၃၂ စီး၊ တရားခံ ၁၈၂၄ ဦး၊ ၂၀၁၃ ခုနှစ်မှာ ၂၄၆၃ မှု၊ လိုင်စင်မဲ့မော်တော်ယာဉ် ၇၇၉ စီး၊ မော်တော်ဆိုင်ကယ် ၁၈၅၀ စီး၊ ထော်လာဂျီ ၂၅ စီး၊ တရားခံ ၂၅၇၀ ဦးနဲ့ ၂၀၁၄ ခုနှစ်မှာ ၂၃၄၂ မှု လိုင်စင်မဲ့မော်တော်ယာဉ် ၈၄၄ စီး၊ မော်တော်ဆိုင်ကယ် ၁၇၀၁ စီး၊ ထော်လာဂျီ ၃၂ စီး၊ တရားခံ ၂၄၅၃ ဦးတို့ကို စစ်ဆေးအရေးယူဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နဲ့ နိုင်ငံသားများ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တွေကို ဈေးနှုန်းသက်သာစွာ ဥပဒေဘောင်အတွင်းမှ ဝယ်ယူသုံးစွဲနိုင်ဖို့အတွက် ကုန်သွယ်မှုကဏ္ဍကို နိုင်ငံတကာကုန်သွယ်ရေးမူများနှင့်အညီ ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီးတော့ ပို့ကုန်/သွင်းကုန်ဆောင်ရွက်နေတဲ့ကုမ္ပဏီတွေကို မော်တော်ဆိုင်ကယ်၊ ကုန်တင်ယာဉ်နဲ့ ခရီး

သည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များ၊ Pick Up (Two door) မော်တော်ယာဉ်များကို ပင်လယ်ရေကြောင်းအပြင် နယ်စပ်ဒေသမှလည်း တင်သွင်းခွင့်ပြုပြီးတော့ Saloon, Wagon, Van စတဲ့ လူစီးမော်တော်ယာဉ်တွေကိုတော့ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ ဘာသာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များမှ အသုံးပြုဖို့ ပြည်ပနိုင်ငံများနှင့် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများက လှူဒါန်းတဲ့ကိစ္စများအတွက် သာသနာရေးဆိုင်ရာမော်တော်ယာဉ်များကို သာသနာရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း၊ လူနာတင်ယာဉ်များကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း၊ နိဗ္ဗာန်ယာဉ်နှင့် မီးသတ်ယာဉ်များကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။

မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်ရာကြီးကြပ်ရေးကော်မတီအနေနဲ့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်ပြီးတော့ အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိရာမှာ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစပြီးတော့ ယာဉ်အို/ယာဉ်ဟောင်းများကို အပ်နှံပြီး အစားထိုးတင်သွင်းခွင့်ပြုခြင်း၊ ၂၀၁၂ ခုနှစ် မေလမှာ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လူစီးယာဉ်၊ ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်နဲ့ ရာသက်ပန်အငှားယာဉ်တက္ကစီတွေကို ထုတ်လုပ်တဲ့ခုနှစ်သတ်မှတ်ချက်နဲ့ တင်သွင်းခွင့်ပြုခြင်း၊ ၂၀၁၄ ခုနှစ် ဇူလိုင်လမှစပြီး ပြည်တွင်းစက်မှုဇုန်ထုတ်ယာဉ်များအပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုခြင်း၊ သြဂုတ်လမှစပြီးတော့ သုံးဘီးယာဉ်များအပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုခြင်း၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ သဘာဝဘေးဒဏ်နဲ့ မီးလောင်ခြင်းတို့ကြောင့် ပျက်စီးယာဉ်များအပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုခြင်း၊ စက်တင်ဘာလကစပြီး မော်တော်ယာဉ်ထုတ်လုပ်တဲ့ သက်တမ်း ၂၀ ကျော်ယာဉ်များအပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် ပြည်တွင်းအရောင်းပြခန်းများမှလည်း ပြည်သူများ လွတ်လပ်စွာဝယ်ယူနိုင်ဖို့အတွက် ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှစပြီးတော့ တစ်ပတ်ရစ်မော်တော်ယာဉ်အရောင်းပြခန်း ၁၇၇ ခုနဲ့ မော်တော်ယာဉ်အသစ်အရောင်းပြခန်း ကိုးခုတို့ကို ဖွင့်လှစ်ရောင်းချခွင့်ပြုထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ အဲ့လိုဖြေလျှော့ဆောင်ရွက်ပေးမှုများကြောင့် မော်တော်ယာဉ်ဈေးနှုန်းများလည်း သိသာစွာလျှော့နည်းကျဆင်းခဲ့ပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ လိုင်စင်မဲ့မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး

ညွှန်ကြားမှုဦးစီးဌာနတို့နှင့်ပူးပေါင်းပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိကြောင်းနဲ့ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်တွေကို နိုင်ငံသားများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ သာသနာရေးဝန်ကြီးဌာနများမှ ပူးပေါင်းပြီးတော့ ဥပဒေဘောင်အတွင်းမှ အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူသွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးကြည်သာရဲ့ သဘောထားပြောပါ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပထမအကြိမ် လွှတ်တော်သက်တမ်းလည်း ကုန်ဖို့မကြာတော့ပါဘူး။ အလားတူပဲ လက်ရှိအစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်မယ့်အချိန် သိပ်မကြာတော့ပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့က မှတ်တမ်းတင်တယ်ဆိုတဲ့ကိစ္စများတွေရှိသလို ဒီကိစ္စဟာ ကျွန်တော့်အနေနဲ့ နိုင်ငံ့အကျိုး၊ ကိုယ့်တိုင်းပြည်၊ လူမျိုးအတွက် လေးလေးနက်နက်တွေးတောပြီးမှ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ မှတ်တမ်းတင်ထားတယ်ဆိုရုံနဲ့ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်ဖို့အားနည်းနေလို့ရှိရင် ဒီအလေ့အကျင့်တွေဟာကျွန်တော်တို့နိုင်ငံမှာ ပိုပြီးတော့တိုးပွားလာလို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံ တိုးတက်မယ့်နေရာမှာအထောက်အကူမပြုနိုင်ဘူးလို့ ထင်ပါတယ်။ အဲ့ဒီတော့ သိသာထင်ရှားသောလုပ်ငန်းမျိုးတွေကိုပထမအကြိမ်သက်တမ်းအတွင်းမှာ နိုင်ငံတော်ကများ လုပ်ပေးမယ်၊ ပြင်ပေးမယ်ဆိုရင် နောင်သက်တမ်းမှာရှိတဲ့ အစိုးရတွေအတွက်သော်လည်းကောင်း၊ လွှတ်တော်တွေအတွက် ကောင်းမွန်သောလမ်းကိုလျှောက်ဖို့အတွက် ဖန်တီးပေးတဲ့အနေအထားမျိုးရောက်တဲ့အတွက်ကြောင့် ကျွန်တော့်အဆိုကိုမှတ်တမ်းတင်တဲ့အနေအထားထက် ဆောင်ရွက်သွားမယ်ဆိုတဲ့ကတိကိုပေးရင် ပိုမိုပြီးတော့ သင့်တော်မယ်လို့ထင်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးအဆုံးအဖြတ်နဲ့ လွှတ်တော်အဆုံးအဖြတ်ကို ကျွန်တော်ခံယူပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးကတော့ အဆိုကို မှတ်တမ်းတင်ထားရှိဖို့ ဆွေးနွေးတင်ပြခဲ့ပါတယ်။ အဆိုရှင်ဦးကြည်သာကတော့ မှတ်တမ်းတင်ထားရှိရုံနဲ့ မလုံလောက်ဘဲ တကယ်အဆိုကို ထိထိရောက်ရောက်အကောင်

အထည်ဖော်ပေးနိုင်ဖို့ဆိုရင် အဆိုကိုအတည်ပြုဖို့ အဲ့ဒီအတွက် လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူဖို့ တင်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကြပ်စွာအရေးယူရန်နှင့် နိုင်ငံသားများ စျေးနှုန်းသက်သာစွာ ဖြင့်ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကိုရှာဖွေရန် နိုင်ငံတော် အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အဆုံးအဖြတ်ပေးဖို့ ရှိပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များက အဆိုကိုဆုံးဖြတ်နိုင်ဖို့ အသင့်ဖြစ်စေလိုပါတယ်။ စက်ခလုတ်မဲဆန္ဒ ပေးနည်းနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးရန်အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံ ၂၃၀၊ ကန့်ကွက် ၉၁၊ ကြားနေ ၁၆။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်း တင်းကြပ်စွာအရေးယူရန်နှင့် နိုင်ငံသားများ စျေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေဘောင် အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တ ရပ်နားပါမယ်။

အချိန်၊ ၁၁း၀၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၁း၃၅။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ဦးမောင်ညို၊ စစ်တွေမဲဆန္ဒနယ်က ရန်ကုန်မြို့ ကန်တော်မင်ပန်းခြံ(ခေါ်) ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ပေးစေလိုကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးမောင်ညိုအား ဖိတ်ခေါ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ဂါရဝပြုလျက် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းကြပါစေလို့ မေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ တိုင်းဒေသကြီး ရန်ကုန်မြို့တော်ရှိ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်လမ်း၊ ဦးဝိစာရကျောက်တိုင်၊ ဦးဝိစာရလမ်း၊ ဦးဥတ္တမပန်းခြံဟူ၍ လွတ်လပ်ရေးနှင့်အတူ မော်ကွန်းတင်ခဲ့ပြီး သမိုင်းဝင်မှတ်တမ်းများတင်ခဲ့ကြပါတယ်။ အရှင်ဦးဥတ္တမဟာ စောစောစီးစီးကတည်းကပင် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီမော်ကွန်းတွေကို မျိုးချစ်တဲ့လူငယ်များရဲ့ သမိုင်းအသိကို ဖုံးကွယ်ခြင်းခံရမည်စိုး၍ ပထမအကြိမ် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းမေးခဲ့ရာ အဖြေကိုကျေနပ်မှုမရှိပါ။ မကျေနပ်တဲ့အတွက် သမိုင်းနှင့်ဆိုင်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီသို့ သမိုင်းအထောက်အထားများဖြစ်သော မြန်မာ့စွယ်စုံကျမ်း၊ စတုတ္ထတန်းကျောင်းသုံးမြန်မာသင်ရိုးညွှန်းတမ်း၊ တက္ကသိုလ်သုတေသနအသင်း ဂျီဘီစီမှထုတ်ဝေသည့် သမိုင်းမှတ်တမ်းများကို မိတ္တူဆွဲပြီးတော့ သမိုင်းခိုင်လုံကြောင်း ကန်တော်မင်အစား ကန်တော်မင်္ဂလာသည် ဦးဥတ္တမပန်းခြံဖြစ်ကြောင်း တင်ပြခဲ့ရာ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ကန်တော်မင်္ဂလာပန်းခြံသည် ဦးဥတ္တမပန်းခြံဖြစ်ကြောင်း ခိုင်လုံသည်ဟုယူဆ၍ ရေးရာကော်မတီက ဟုတ်မှန်ကြောင်း ထောက်ခံခဲ့ပါတယ်။ သို့သော် စက်တင်ဘာလ ၉ ရက် ဦးဥတ္တမနေ့တွင် ဦးဥတ္တမနေ့ကျင်းပနိုင်ခြင်းမရှိပါ။ ဦးဥတ္တမအား ကြည်ညိုသူ မြန်မာ့တိုင်းရင်းသားများနှင့် ရခိုင်တိုင်းရင်းသားများမှာ ပန်းခြံထဲကို ဝင်ခွင့်မရပဲ ဦးဥတ္တမနေ့ကျင်းပခွင့်မရခဲ့ပါ။

**မူကြမ်း**

သို့ဖြစ်ပါ၍ ယခု ကန်တော်မင်္ဂလာခေါ်သော ပန်းခြံကို တစ်ခုတည်းသော ဦးဥတ္တမပန်းခြံအဖြစ် နိုင်ငံတော်က တရားဝင်မော်ကွန်းတင်ပေးပါရန် အဆိုတစ်ရပ်အနေဖြင့် ထိုပန်းခြံကို ဦးဥတ္တမပန်းခြံ အဖြစ် ဆိုင်းဘုတ်ကပ်ပေးပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်ညိုတင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော့် အနေနဲ့ စစ်တွေမဲဆန္ဒနယ်မှ အဘဦးမောင်ညိုတင်သွင်းတဲ့ အဆိုကိုထောက်ခံသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုအား ကျွန်တော်တို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီသို့ ကော်မတီဝင်ဖြစ်တဲ့ အဘဦးမောင်ညိုအနေနဲ့တင်ပြခဲ့ပါတယ်။ ကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များအားလုံး တစ်ညီတစ်ညွတ်တည်း ဤအဆိုဟာ ဖြစ်သင့်တဲ့အဆိုဖြစ်တဲ့အတွက် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကော်မတီဥက္ကဋ္ဌအနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ စာတစ်စောင်ကို ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၄ ရက်နေ့မှာတင်ပြခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးမှ ဆက်လက်၍ ဤစာကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ဆက်လက်ပေးပို့တာက ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂၄ ရက်မှာရှိခဲ့ပါတယ်။ သို့သော်လည်း ဒီဟာနဲ့ပတ်သက်ပြီးတော့မှ အမျိုးမျိုးအပြင်မှာ ဝိဝါဒကွဲပြားနေပါတယ်။ စာစောင် တချို့မှာ ကန်တော်မင်္ဂလာပန်းခြံကို ဦးဥတ္တမပန်းခြံ(ခေါ်)ကန်တော်မင်္ဂလာပန်းခြံဟုခေါ်ရန် နိုင်ငံတော် သမ္မတရုံးမှ ညွှန်ကြားလိုက်သည်ဟုဆိုပြီး စက်တင်ဘာ ၁၂ ရက်နေ့ထုတ်တဲ့ Democracy Today သတင်းစာမှာတွေ့ရပါတယ်။ သို့သော် တိတိကျကျနှင့် နိုင်ငံတော်ပြန်တမ်းမှာပါရှိခြင်းမရှိသေးပါဘူး။ ဒီ့အတွက် တိကျတဲ့ ခိုင်လုံတဲ့အဖြေလည်းမရသေးတဲ့အတွက် ဒီအဆိုဟာ ဆက်လက်ပြီးတင်သွင်းတဲ့ အဆိုဖြစ်သင့်တယ်ဆိုပြီး ကျွန်တော်တို့ကော်မတီအနေနဲ့ ဒီလိုဆုံးဖြတ်ပြီးတော့ ဦးမောင်ညိုအနေနဲ့ တင်သွင်းခဲ့တာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်တော်မင်ဆိုတဲ့ စကားလုံးဟာ British Army လက်ထက်က အသုံး အနှုန်းဖြစ်ပါတယ်။ ကန်တော်မင်ဆိုတဲ့စကားလုံးဟာ တပ်မြေဆိုတဲ့ အဓိပ္ပာယ်ရပြီး ရွှေတိဂုံဘုရား တောင်ဘက်ခြမ်း ဧရိယာတွေကို ခေါ်ဝေါ်တဲ့အသုံးအနှုန်းဖြစ်ပါတယ်။ အဲဒီအပြင် ကန်တော်မင်

ဧရိယာတွေက ပြင်ဦးလွင်၊ မိတ္ထီလာနှင့် တခြားနေရာမှာလည်းရှိသေးတယ်လို့ စုံစမ်းသိရှိရပါတယ်။ ဒီရွှေတိဂုံဘုရားတောင်ဘက်မှာရှိတဲ့ မိုင်ဒါကွင်း၊ အမှတ်(၂) ဆေးရုံဧရိယာတွေက ကန်တော်မင်ဧရိယာတွေဖြစ်ပါတယ်။ ဒီကန်တော်မင်ဧရိယာကို ကန်တော်မင်ကနေ ကန်တော်မင်္ဂလာပန်းခြံဟု ပြောင်းလဲလိုက်တာဟာ မြန်မာမှုပြုသလိုလိုနဲ့ အင်္ဂလိပ်စကားလုံးကိုရောညှပ်ခေါ်သလို ဖြစ်နေပါတယ်။ အကယ်၍ ကန်တော်မင်ဧရိယာပေါင်းများစွာရှိခဲ့တဲ့နေရာမှာ ဒီနေရာမှာ ကန်တော်မင်ပန်းခြံများဖြစ်နေရင် ကန်တော်မင်ပန်းခြံ(ခေါ်)ဦးဥတ္တမပန်းခြံလို့ နှစ်မျိုးရောယှက်သုံးစွဲရင်လည်း မှားယွင်းမှုတွေလည်း ဖြစ်နိုင်ပါတယ်။ နောက်ကန်တော်မင်ဆိုတဲ့ အသုံးအနှုန်းအစား ကန်တော်မင်္ဂလာဆိုတာက နဂိုက မင်္ဂလာကန်ရှိခဲ့ရင်သော်လည်းကောင်း၊ မင်္ဂလာပန်းခြံရှိခဲ့ရင်သော်လည်းကောင်း ခေါ်ရင်တော့ သင့်လျော်ပါတယ်။ သို့သော် ဒီနေရာကို ကန်တော်မင်္ဂလာပန်းခြံဟု အနည်းငယ်မျှ ပြောင်းလဲဖြည့်စွက်ခေါ်တာနဲ့တင် မပြည့်စုံပါဘူး။ သီးခြားပဲဖြစ်သင့်ပါတယ်။ နောက် အခု ဦးဥတ္တမဟာ မြန်မာ့လွတ်လပ်ရေးမှာလည်း မီးရှူးတန်ဆောင်ဖြစ်ခဲ့ပါတယ်။ ဒီကန်တော်မင်ပန်းခြံကို ဦးဥတ္တမပန်းခြံလို့ သတ်မှတ်ခဲ့တာဟာ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၂) ၁၉၇၅ ခုနှစ်မှာ ပါရှိခဲ့ပါတယ်။ ဒီစွယ်စုံကျမ်းမှာပါရှိမှုအရ ဒါဟာ အထောက်အထားတစ်ခုဖြစ်တယ်လို့လည်း ကျွန်တော်တို့သတ်မှတ်ရပါမယ်။ ဆရာတော်ရဲ့နိုင်ငံရေးကြိုးပမ်းမှုများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့တိုင်း ဦးဥတ္တမနေ့အဖြစ် သတ်မှတ်ကာ ကြည်ညိုသူများက ကျင်းပလေ့ရှိပါတယ်။ ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဘက်ခြေရင်းရှိ ကန်တော်မင်ပန်းခြံကိုလည်း ဆရာတော်ဥတ္တမအား ဂုဏ်ပြုသည့်အနေဖြင့် ဦးဥတ္တမပန်းခြံဟု အမည်သစ်ပေးထားကြလေသည်ဆိုပြီး စွယ်စုံကျမ်းမှာ ဥတ္တမဦးဆရာတော်ဆိုတဲ့အပိုဒ်မှာ စာမျက်နှာ ၃၆၃ မှာပါရှိပါတယ်။ ထို့အတွက်ကြောင့် ဒီကန်တော်မင်္ဂလာပန်းခြံ(ခေါ်)ကန်တော်မင်ပန်းခြံ (ခေါ်) ဒီပန်းခြံကို ဦးဥတ္တမပန်းခြံဟုသာ ဆိုင်းဘုတ်တင်သင့်ပါကြောင်းနှင့် ဦးဥတ္တမပန်းခြံဟု တရားဝင်ပြန်တမ်းထုတ်ပြန်၍ ပြောင်းလဲသတ်မှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ

ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ အဆိုနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားအနောက်တောင်ထောင့်ခြေရင်းမှာရှိတဲ့ ကန်တော်မင်ပန်းခြံကို ဆရာတော်အားကြည်ညိုသူ မြန်မာတိုင်းရင်းသားနဲ့ ရခိုင်တိုင်းရင်းသားတို့အချိန်မီ ဦးဥတ္တမနေ့ကျင်းပနိုင်ရန် ပန်းခြံကို ဦးဥတ္တမ ပန်းခြံအဖြစ် တရားဝင်မော်ကွန်းတင်ပေးပါရန်နှင့် ပတ်သက်ပြီးတော့ တိကျမှန်ကန်တဲ့ အဖြေရရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၇-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/၂-၇(၆)စီမံဖြင့် စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ စိစစ်ရေးအဖွဲ့မှာ-

| | | |
|---|---|---|
| (က) | ဦးကျော်စိုး<br>အတွင်းရေးမှူး၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာကျော်ဝင်း<br>အတွင်းရေးမှူး၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာတိုးလှ<br>အဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | ဒေါ်အုန်းကြည်<br>အဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (င) | ဦးသိန်းလှိုင်<br>အဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (စ) | ဦးကျော်<br>အဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးမြဟန်<br>အဖွဲ့ဝင်၊ မြန်မာ့သမိုင်းအဖွဲ့ | အဖွဲ့ဝင် |

(ဇ) ဦးရဲထွန်း အဖွဲ့ဝင်
လက်ထောက်ဌာနမှူး
ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဈ) ဦးကိုကိုလင်း အတွင်းရေးမှူး
ဌာနမှူး၊ပန်းဥယျာဉ်နဲ့အားကစားကွင်းဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ည) ဦးဝင်းမြင့် တွဲဖက်
ဒုတိယဌာနမှူး၊ ပန်းဥယျာဉ်နဲ့အားကစားကွင်းဌာန အတွင်းရေးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တို့ဖြစ်ပါတယ်။

စိစစ်ရေးအဖွဲ့ဟာ လေ့လာဆန်းစစ်စိစစ်မှုများ ပြုလုပ်ခဲ့ပါတယ်။ စိစစ်ရေးအဖွဲ့ရဲ့ တွေ့ရှိချက်၊ သုံးသပ်ချက်၊ ထောက်ခံချက်များအပေါ် မူတည်ပြီးတော့ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ (က)ဆရာတော် ဦးဥတ္တမဟာ မြန်မာ့သမိုင်းမှာထင်ရှားကျော်ဇောပြီးတော့ နိုင်ငံတော်နှင့် အမျိုးဘာသာ၊ သာသနာစာပေအတွက် အကျိုးပြုဆောင်ရွက်ခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် သမိုင်းဝင်ဂုဏ်ပြုထိုက်သူပုဂ္ဂိုလ်တစ်ဦးအဖြစ်နဲ့ ဂုဏ်ပြုခြင်း၊ (ခ) လက်ရှိကန်တော်မင်္ဂလာပန်းခြံကို ကန်တော်မင်္ဂလာပန်းခြံ(ခေါ်)ဦးဥတ္တမပန်းခြံအဖြစ် ပူးတွဲခေါ်ဆိုသတ်မှတ်ခြင်း၊ (ဂ) ကန်တော်မင်္ဂလာပန်းခြံ(ခေါ်)ဦးဥတ္တမပန်းခြံ၏အမည်အား သတ်မှတ်ခေါ်ဆိုခြင်းမှလွဲပြီးတော့ ပန်းခြံရဲ့ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ရေရှည်ထာဝရတည်တံ့ထိန်းသိမ်းပြုလုပ်နိုင်ရေးအတွက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုဖြင့် လက်ရှိတာဝန်ယူ ဆောင်ရွက်လျက်ရှိတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနမှ ဆောင်ရွက်စေခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အဆိုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက အဆိုကို အတည်ပြုပေးဖို့ သို့မဟုတ်ရင် အဆိုကို မည်သို့ဆောင်ရွက်ပေးဖို့ဆိုတာ တစ်ခါတည်းရှင်းလင်းတင်ပြဖို့လိုပါတယ်။ ဒါက အဆိုတင်တာကို သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးဌာနက ပြန်လည်ဖြေကြား

ရှင်းလင်းပြီး အဆိုပေါ်သက်ဆိုင်ရာဌာနအနေနဲ့ မည်ကဲ့သို့သဘောထားတယ်ဆိုတာ သိအောင်ဖြေပေးဖို့လိုပါတယ်။ ကဲ ဒါ့ကြောင့်မို့လို့ ဒီလို လောလောဆယ် သက်ဆိုင်ရာဝန်ကြီးဌာနက သဘောထား မှတ်ချက် ဖြေကြားတာမရှိတဲ့အတွက် ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိရင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအေးမြင့်(ဥက္ကဋ္ဌ၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမဲဆန္ဒနယ်၊ ဦးမောင်ညို တင်သွင်းသွားတဲ့အဆိုနှင့် ပတ်သက်ပြီး ကျွန်တော်တို့ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှု ကော်မတီမှာ အကျေအလည်ညှိနှိုင်းဆွေးနွေး သုံးသပ်ခဲ့ကြပါတယ်။ သုံးသပ်ခဲ့ကြတဲ့အခါမှာ ကျွန်တော်တို့ ကော်မတီဝင်အားလုံး သဘောတူတဲ့အချက်ကတော့ ခုန တင်ပြသွားတဲ့ ကန်တော်မင်္ဂလာပန်းခြံ(ခေါ်)ဦးဥတ္တမပန်းခြံဆိုတာကို ကျွန်တော်တို့ ကော်မတီက သဘောမတူပါဘူးခင်ဗျား။ သဘောမကျပါဘူး။ သတ်သတ်မှတ်မှတ် နာမည်တစ်ခုပေးသင့်ပါတယ်။ နာမည်ပေးတဲ့အခါမှာလည်း ခုနက စွယ်စုံကျမ်းမှာလည်းပါပြီးပြီ။ အထောက်အထားများစွာနဲ့လည်း ကျွန်တော်တို့ ခေါ်ဝေါ်သုံးစွဲခဲ့ကြတဲ့ ဦးဥတ္တမပန်းခြံဆိုတာဟာ အသင့်တော်ဆုံးပါ။ ကန်တော်မင်္ဂလာပဲဖြစ်ဖြစ်၊ ကန်တော်မင်ပဲဖြစ်ဖြစ် ဒါပြီတိသျှရဲ့ အငွေ့အသက်တွေပါနေပါတယ်။ အဲ့တော့ ကျွန်တော်တို့ နယ်ချဲ့လွတ်လပ်ရေးကြိုးပမ်းမှု ကာလသမိုင်းမှာ ရဲရဲတောက်စွမ်းဆောင်ခဲ့တဲ့ သမိုင်းဝင် ဦးဥတ္တမဆိုတဲ့ ကျွန်တော်တို့ရဲ့ဆရာတော်ကြီးကိုဂုဏ်ပြုတဲ့အနေဖြင့် ဒီပန်းခြံကို ဦးဥတ္တမပန်းခြံလို့သာ ပြတ်ပြတ်သားသားခေါ်သင့်ပါကြောင်း ကျွန်တော်တို့ ကော်မတီအနေဖြင့် သဘောရပါတယ်။ ဒါ့ကြောင့်လည်း ဒီအဆိုကို ဦးမောင်ညိုက တင်သွင်းခဲ့ပြီး ကျွန်တော်တို့ ကော်မတီကပဲ ဦးခိုင်မောင်ရည်က ထောက်ခံဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကို အတိအလင်းတိုက်တွန်းပြောကြားလိုတာကတော့ ဒီပန်းခြံကို ဦးဥတ္တမပန်းခြံအဖြစ်သာ ခေါ်ဝေါ်သုံးစွဲဖို့အတွက် ဆောင်ရွက်ပေးဖို့သင့်ပါကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တချို့ လွှတ်တော်ဆောင်ရွက်တဲ့နေရာမှာ အသက်မဝင်သလိုဖြစ်နေပါတယ်။ လက်ခုပ်ဟာ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းကိုလည်း ဖော်ပြတာဖြစ်ပါတယ်။ လွှတ်တော်မှာ ဒီမိုကရေစီအခွင့်အရေးတွေ အပြည့်အဝပေးထားပါတယ်။ ဒီလိုအခွင့်အရေးတွေကို နည်းလမ်းမှန်ကန်

စွာနှင့် အသုံးပြုနိုင်ဖို့ အရေးကြီးပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ ဒီမိုကရေစီပြုပြင်ပြောင်း လဲရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်နေတဲ့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးပါတယ်။ အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေ ဘာများဆွေးနွေးစရာရှိပါ သလဲ။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)။** ။ ကျွန်တော့်အနေနဲ့ ဆွေးနွေးခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီး ကိုအထူးကျေးဇူးတင်ပါတယ်ခင်ဗျ။ ကျွန်တော်ဆွေးနွေးလိုတဲ့အချက်ကတော့ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုတင်သွင်းတဲ့အဆိုဟာ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ဒါထောက်ခံသင့်တဲ့အဆိုလို့ ထောက်ခံပြီးတော့မှ ဆွေးနွေးချင်တာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဦးဥတ္တမကျောက်တိုင်ဆိုတာလည်းပဲ အထင်ကရ တည်ထားပြီးဖြစ်ပါတယ်။ ဦးဥတ္တမပန်းခြံလို့လည်းပဲ မြို့သူမြို့သားများက သိထားပါတယ်။ စွယ်စုံကျမ်းကလည်းပါထားပါတယ်။ ဦးဥတ္တမဆရာတော်ကြီးရဲ့ နိုင်ငံရေးအရ အမျိုးသားရေးလှုံ့ဆော် မှုတွေဟာလည်းပဲ ကျွန်တော်တို့နိုင်ငံလွတ်လပ်ရေးရရှိဖို့အတွက်ကို အဓိကအခန်းကဏ္ဍက ပါတာဖြစ် တဲ့အတွက် ကျွန်တော်တို့ ရန်ကုန်မြို့မှာရှိတဲ့ ကန်တော်မင်ပန်းခြံ(ခ)ကန်တော်မင်္ဂလာပန်းခြံလို့ ဒီနာမည် တွေကို ခေါ်တာတွေကို မသုံးဘဲနဲ့ ဦးဥတ္တမပန်းခြံလို့သာ ပြောင်းလဲခေါ်ဝေါ်သင့်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးသမိုင်းနဲ့ ကျွန်တော်တို့ရဲ့အမျိုးသားခေါင်းဆောင်ကြီးတွေ၊ ဆရာတော် ဦးဥတ္တမရဲ့ဆောင်ရွက်ချက်တွေကို နိုင်ငံတော်က ထာဝစဉ်အသိအမှတ်ပြုရာ၊ ဂုဏ်ပြုရာရောက်မှာ ဖြစ်တဲ့အတွက် သူရဦးအေးမြင့်တို့၊ ကျွန်တော်တို့ကော်မတီက ထောက်ခံတင်ပြသလို ကျွန်တော့်အနေနဲ့ လည်းပဲ ဒီရန်ကုန်မြို့မှာရှိတဲ့ ဦးဥတ္တမပန်းခြံကို ဦးဥတ္တမပန်းခြံလို့သာ ခေါ်ဝေါ်သင့်ပါကြောင်း ထောက် ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်တော် မကြာမကြာ နိုင်ငံခြားသားများရော၊ ပြည်တွင်းမှာရှိတဲ့ ပုဂ္ဂိုလ်များရော တင်ပြနေတာရှိပါတယ်။ ရှင်းလင်းနေတာရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်ဟာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးအတွက် အလေးထားပြီး ဆောင်ရွက်နေတယ်ဆိုတာကို ဒီလိုတင်ပြနေပါတယ်။ ဒီနေ့ ဦးမောင်ညိုဟာ ရခိုင်တိုင်းရင်းသား တစ်ဦးဖြစ်တယ်။ ဦးဥတ္တမဆိုတာလည်း ရခိုင်တိုင်းရင်းသားထဲက ဆရာတော်တစ်ပါးဖြစ်သလို နိုင်ငံ့လွတ်လပ်ရေးအတွက်လည်း သူ့နေရာနှင့်သူ့ကဏ္ဍက ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ ဒီအကြောင်းကိုလည်း သမိုင်းမော်ကွန်းတွေမှာ ပါရှိပြီးဖြစ်တယ်။ ဒါကြောင့် ဦးမောင်ညို တင်သွင်း

တဲ့အဆိုကို ကျွန်တော်တို့လွှတ်တော်က အတည်ပြုထောက်ခံပေးခြင်းဟာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် များစွာအထောက်အကူပြုတယ်ဆိုတာလည်း ကျွန်တော်တို့အားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော် ကိုယ်စားလှယ်များကို ဒီနေရာကနေတင်ပြသွားပါမယ်။ ဦးမောင်ညိုတင်သွင်းသွားတဲ့အဆို ရန်ကုန်မြို့၊ ကန်တော်မင်ပန်းခြံ(ခေါ်)ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ပေးစေ လိုကြောင်းအဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စစ်တွေ မဲဆန္ဒနယ် ဦးမောင်ညိုတင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံ ရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကိုရုပ်သိမ်း၍ အသစ် ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းကို ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပါတယ်။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန်ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပေးပို့လာသော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ရဲ့ကိုယ်စား တင်ပြမှာဖြစ်ပါတယ်ရှင်။

**မူကြမ်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ၂၀-၁၁-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၈-၁၁-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်၏ ၂၈-၁၁-၂၀၁၄ ရက်စွဲပါစာအမှတ် ၁/အမ(ကော်မတီ)-၁၊ ၁/၂၀၁၄-၆၂၄ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနက လက်ရှိကျင့်သုံးလျက်ရှိသော မီးသတ်တပ်ဖွဲ့ ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၁၉၉၇)ကို ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက်လည်းကောင်း၊ မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှုရှိစေရန်အတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားရုတ်တရက်ဖြစ်ပွားသောဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက်လည်းကောင်း ယင်းဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၄-၁-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ (က) မှ (အ)အထိ (ကက)မှ (ဃဃ) အထိ ၃၇ ချက်ဖြစ်ပါတယ်။ အဆိုပါ ၃၇ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၃) ခန်းနှင့်ပုဒ်မပေါင်း (၄၇)ခုပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် ၂၇ ချက်ကို သဘောတူပါသည်။

(ဂ) ဥပဒေခေါင်းစီးရှိ ၂၀၁၄ ခုနှစ် စကားရပ်ကို ၂၀၁၅ ခုနှစ်ဟု ပြင်ဆင်ပါသည်။

မူကြမ်း

(ဃ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)အား မီးသတ်တပ်ဖွဲ့ဆိုသည်မှာ မီးသတ်ဦးစီးဌာန ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့လည်း ပါဝင်သည်ဟုပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ စေတနာ့ဝန်ထမ်း ဆိုသည့်စကားရပ်ကို စေတနာ့ဝန်ထမ်းများ ပါဝင်သည့်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် စကားရပ်ကို ညွှန်ကြားချက်အရဖြစ်စေ၊ ခွင့်ပြုချက်အရဖြစ်စေဟုပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ရှိ အဆိုပါလုပ်ငန်းများတွင် စကားရပ်ကို ယင်းစကားရပ်တွင်ဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ရှိ ဆိုရာတွင် စကားရပ်ကို ဆိုသည်မှာဟုလည်းကောင်း၊ ထို့အပြင် မီးသတ်တပ်ဖွဲ့မှ စကားရပ်ကို ယင်းစကားရပ်တွင် မီးသတ်တပ်ဖွဲ့ကဟုလည်းကောင်း ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)နှင့် အပိုဒ်ခွဲ(ဇ)တို့ရှိ ဆိုရာတွင် စကားရပ်ကို ဆိုသည်မှာဟုပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(စ)ရှိ စသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

(ည) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ရှိ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပေါက်ကွဲစေတတ်သည့်စကားရပ်ကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပေါက်ကွဲစေတတ်သောဟု ပြင်ဆင်ပါသည်။

(ဋ) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) ကို မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးခြင်းဆိုသည်မှာ မီးသတ်ဦးစီးဌာန သို့မဟုတ် ယင်းကတာဝန်ပေးအပ်သူက မီးဘေးလုံခြုံရေး ဆိုင်ရာကိစ္စရပ်များ စစ်ဆေးခြင်းကို ဆိုသည်ဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(ဌ) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က) ရှိ နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များစကားရပ်ကို နိုင်ငံပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ယဉ်ကျေးမှုအမွေအနှစ်ဟု ပြင်ဆင်ပါသည်။

(ဍ) အပိုဒ် ၃ အပိုဒ်ခွဲ (င) ကို နိုင်ငံတော်လုံခြုံရေး၊ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လိုအပ်ပါက ပါဝင်ကူညီဆောင်ရွက်ရန်ဟု ပြင်ဆင်ပါ သည်။

(ဎ) အခန်း (၃) အပိုဒ် ၄ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၄(က)ပြည်ထောင်စုအစိုးရအဖွဲ့သည် မီးဘေးလုံခြုံရေး ဗဟိုအဖွဲ့ကို အောက်ပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းရမည် -

(ဏ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) ကို အောက်ပါအတိုင်းပြင်ဆင်၍ အပိုဒ်ခွဲငယ် (၄) ကို အသစ်ဖြည့်စွက်ပါသည်-

(၃) နေပြည်တော်ကောင်စီဝင်တစ်ဦး အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ အဖွဲ့ဝင်

(တ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ ဖွဲ့စည်းရာတွင် စကားရပ်ကို ဖွဲ့စည်းသောဟု ပြင်ဆင် ပါသည်။

(ထ) အခန်း (၄) အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ပါသည်။

(ဒ) အပိုဒ် ၈ အပိုဒ်ခွဲ (ခ) ကို ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း၊ ဖျက်သိမ်းခြင်းပြုလုပ်လိုပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(ဓ) အပိုဒ် ၉ အပိုဒ်ခွဲ (ဃ) ရှိ ငွေကြေးဆိုင်ရာရရှိခြင်း စကားရပ်ကို အထောက်အပံ့ ပစ္စည်းနှင့် ငွေကြေးများကိုလက်ခံရယူခြင်းဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(န) အပိုဒ် ၁၂ ရှိ ပြည်ထောင်စုနယ်မြေကောင်စီ စကားရပ်ကို နေပြည်တော်ကောင်စီဟု လည်းကောင်း၊ ပြည်နယ်အစိုးရစကားရပ်ကို ပြည်နယ်အစိုးရအဖွဲ့ဟု ပြင်ဆင်ပါသည်။

(ပ) အခန်း (၇) အပိုဒ် ၁၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃(က)မီးသတ်ဦးစီးဌာနသည် စက်ရုံ၊ အလုပ်ရုံ၊ ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်၊ ဟိုတယ်၊ မိုတယ်၊တည်းခိုခန်း၊ စုပေါင်းပိုင်အဆောက်အအုံ၊ ဈေး၊ အလုပ်ဌာန၊ အဖွဲ့အစည်းနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသောလုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာ ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသော သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖျက်သိမ်းလိုပါက မီးသတ်ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

(ဖ) အခန်း (၈) အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ) ရှိ မီးသတ်တပ်ဖွဲ့ဝင်များ စကားရပ်ကို သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၁၇ အပိုဒ်ခွဲ (က) ရှိ သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများ၊ ဈေးများစကားရပ်ကို သုံးထပ်နှင့်အထက်ရှိ အဆောက်အအုံ၊ စုပေါင်းပိုင်အိမ်ရာ၊ ဈေးဟု ပြင်ဆင်ပါသည်။

(ဘ) အခန်း (၉) အပိုဒ် ၂၀ ရှိ စုံစမ်းစစ်ဆေးတင်ပြရမည် စကားရပ်ကို စုံစမ်းစစ်ဆေး၍ အဆင့်ဆင့်တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၂၂ ပုဒ်မခွဲ (ခ) ရှိ ပြီးသည်အထိ စကားရပ်ကို ပြီးစီးသည့်အထိဟု ပြင်ဆင်ပါသည်။

(ယ) အခန်း (၉) အပိုဒ် ၂၃ အပိုဒ်ခွဲ (ဈ) ရှိ သဘာဝဘေး ကာကွယ်ရေးဆိုသည့် စကားရပ်ကို သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဟု ပြင်ဆင်ပါသည်။

(ရ) အခန်း (၁၁) အပိုဒ် ၂၈ အဖြစ် မည်သူမျှ မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မီးသတ်တပ်ဖွဲ့ဝင်များကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ လက်ရောက်မှုပြုခြင်းမပြုရဟု အသစ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(လ) အပိုဒ် ၃၀ ကို အပိုဒ် ၃၁ အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း စကားရပ်ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းဟု ပြင်ဆင်ပါသည်။

(ဝ) အပိုဒ် ၃၂ ကို အပိုဒ် ၃၃ အဖြစ် မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မည်သည့် မီးသတ်တပ်ဖွဲ့ဝင်မျှ တံစိုးလက်ဆောင်ကိုသော်လည်းကောင်း၊ ပိုင်ရှင်ခွင့်ပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ၊ အခြားပစ္စည်း သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကိုသော်လည်းကောင်း ရယူခြင်းမပြုရဟုပြင်ဆင်ပါသည်။

(သ) အပိုဒ် ၃၃ ကို အပိုဒ် ၃၄ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ ပါ စကားရပ်ကို မည်သူမဆို ပုဒ်မ ၂၄ ၊ ပုဒ်မ၃၀ နှင့် ပုဒ်မ ၃၁ ပါ ဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၃၅ ကို အပိုဒ် ၃၆ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၃၁ ပါစကားရပ်ကို မည်သူမဆို ပုဒ်မ ၂၆ နှင့် ပုဒ်မ ၃၂ပါဟု ပြင်ဆင်ပါသည်။

(ဠ) အပိုဒ် ၃၆ ကို အပိုဒ် ၃၇ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ၂၈ ပါစကားရပ်ကို မည်သူမဆို ပုဒ်မ ၂၇၊ ပုဒ်မ ၂၈နှင့် ပုဒ်မ ၂၉ ပါဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၃၇ အပိုဒ် ၃၈ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ပုဒ်မ ၃၂ ပါစကားရပ် ကို ပုဒ်မ ၃၃ ပါဟု ပြင်ဆင်ပါသည်။

(ကက)အပိုဒ် ၃၉ အဖြစ် မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သက်ဆိုင်ရာ ပြစ်မှုပါ ပြစ်ဒဏ်အတိုင်းချမှတ်ရမည်ဟုအသစ်ဖြည့်စွက်ပါသည်။

(ခခ) အပိုဒ် ၄၀ ကို အပိုဒ် ၄၂ အဖြစ် အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကို

ဆောင်ရွက်စဉ်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်ဟုပြင်ဆင်ပါသည်။

(ဂဂ) အပိုဒ် ၄၁ ကို အပိုဒ်၄၃ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည် ဟု ပြင်ဆင်ပါသည်။

(ဃဃ) အပိုဒ် ၄၄ အပိုဒ်ခွဲ (က) ကို အပိုဒ် ၄၆ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ နည်းဥပဒေစကားရပ်ကို နည်းဥပဒေများဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ ကျေးဇူးတင်ပါတယ်ရှင်။

**၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၂၈-၁-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စနေ့ရုပ်နားကြောင်းနှင့် အစည်းအဝေးဆဋ္ဌမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရုပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (တနင်္လာနေ့) နံနက်

၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]